စိတ်ကူးချိုချိုအနုပညာ

မောင်ထွန်းသူ

# ချစ်ကြေးမပြေ

# DUBROVSKY

ALEXANDER PUSHKIN

ဒုတိယအကြိမ်



mgyoe.com



# မောင်ထွန်းသူ

## ချစ်ကြွေးမပြေ

**DUBROVSKY**

ALEXANDER PUSHKIN

tun0050

1800.00 Ks

mgyoe.com

ချစ်ကြေးမပြေ မောင်ထွန်းသူ
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၄၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မနိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ ၁၉၉၄ ကောင်းကင်ပြာစာပေ၏ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ချစ်ကြွေးမပြေ

# DUBROVSKY

Alexander Pushkin

မောင်ထွန်းသူ

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏အမှာ

၁

ဤဝတ္ထု၏မူရင်းအမည်မှာ 'ဒူဘာရောစကီး' ဖြစ်ပါသည်။ 'အန်ဒရေး ဒူဘာရောစကီး' နှင့် 'ဗလာဒီမာ ဒူဘာရောစကီး' တို့သားအဖ၏ နာကြည်းစဖွယ် ကောင်းသောအဖြစ်ကို ရေးဖွဲ့ထားခြင်းဖြစ်၍ မူရင်းစာရေးဆရာကြီး အလက်ဇန္ဒာပွတ်ရှကင်က 'ဒူဘာရောစကီး' ဟု အမည်ပေးခဲ့ခြင်းဖြစ်ဟန်တူပါသည်။

ဒူဘာရောစကီးကို မြန်မာဘာသာသို့ ပြန်ဆိုသည့်အခါတွင်မူ မူရင်းအမည်ကို တိုက်ရိုက်ယူလိုပါသော်လည်း မယူတော့ဘဲ ဇာတ်လမ်းကိုအခြေခံ၍ 'ချစ်ကြွေးမပြေ' ဟု အမည်ပေးထားပါသည်။ ဤသည်မှာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးစာဖတ်ပရိသတ်အတွက် သင့်တင့်လျော်ကပ်အောင် ပြုရခြင်းဖြစ်ပါ၏။

၂

'ချစ်ကြွေးမပြေ' သို့မဟုတ် 'ဒူဘာရောစကီး' ဝတ္ထုသည် ခေတ်သစ်ဝတ္ထုမဟုတ်ပါ။ ရှေးကျသည့် သို့မဟုတ် ရှေးဆန်သည်ဟု ယူဆနိုင်လောက်သည့်

mgyoe.com

mgyoe.com


အတွေးအခေါ်အယူအဆများနှင့် အရေးအသားများပါဝင်လျက်ရှိသော ဝတ္ထု တစ်ပုဒ်ဖြစ်ပါသည်။ ဤသည်မှာလည်း အကြောင်းရှိပါသည်။

ဤဝတ္ထုကို ရေးသားခဲ့သော စာရေးဆရာကြီး ပွတ်ရှကင်တို့ခေတ်က ရုရှားတို့၏စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးဘဝသည် အလယ်ခေတ် ဥရောပ တစ်လွှား၌ တည်ရှိနေခဲ့သော 'မြေရှင်ပဒေသရာဇ်စနစ်' ၏ လွှမ်းမိုးချယ် လှယ်မှုအောက်၌ ရှိခဲ့သည်။ ဤစနစ်မှာ မြေယာအများအပြားကို လူတစ်ဦး တစ်ယောက်က ပိုင်ဆိုင်၍ ထိုမြေများကို ဆင်းရဲသားမြေမဲ့ယာမဲ့၊ လယ်သမား ယာသမားများအား ခွဲတမ်းစနစ်ဖြင့် ခွဲဝေချထားပေးပြီး လုပ်ကိုင်ခွင့်ပြုထား သည်။ ဤအတွက် လယ်သမားများက မြေပိုင်ရှင်ကြီး၏ 'မြေကျွန်များ' အဖြစ်ဖြင့် မြေပိုင်ရှင်ကြီးအား အလုပ်အကျွေးပြုကြရသည်။

ထိုစနစ်ထွန်းကားခဲ့သည့် ထိုခေတ်တွင် မြေရှင်ကြီးများသည် မိမိတို့ ပိုင်ဆိုင်သော မြေများနှင့် မြေကျွန်များအပေါ်၌ ဘုရင်တစ်ဆူမင်းမူခဲ့ကြ သည်ဖြစ်ရာ မြေရှင်များကောင်းလျှင် မြေကျွန်များ၏ဘဝသည် ကောင်းကြ သည်။ မြေရှင်ဆိုးလျှင်မူကား မြေကျွန်မများသည် တစ်ဖက်သတ်အဖိအနှိပ် ခံလူတန်းစားများအဖြစ်ဖြင့် မြေရှင်ပြုသမျှ ခံကြရသည့်ဘဝထဲ၌နစ်မြုပ်ကြ ရသည်။ အများအားဖြင့်လည်း မြေရှင်ကြီးများသည် ကောင်းသူကနည်း၍ ဆိုးယုတ်သူကများသဖြင့် ဤစနစ်အောက်ရှိ လူ့အဖွဲ့အစည်းသည် သာယာ ချမ်းမြေ့မှုကင်းသည်ဟု ဆိုရလိမ့်မည်ထင်ပါသည်။

မြေရှင်ကြီးများထဲတွင်လည်း မြေယာအများအပြားပိုင်ဆိုင်သူနှင့် မြေယာအနည်းငယ်မျှသာ ပိုင်ဆိုင်သူဟူ၍ နှစ်မျိုးနှစ်စားရှိရာ သူတို့ချင်း လည်း မလိုလျှင် မလိုသလိုကြီးနိုင်ငယ်ညှဉ်းပြုတတ်ကြသည်။ ငွေများလျှင် တရားနိုင်တတ်သော ခေတ်ဖြစ်သဖြင့် ငွေကြေးချမ်းသာကြွယ်ဝ သူများက တရားဥပဒေကို နှစ်မျိုးသုံးမျိုးဖြစ်အောင်လုပ်ကာ ငွေကြေးမပြည့်စုံ သူများ အား ဖိနှိပ်ခြင်းလည်း ပြုတတ်ကြသည်။

ယင်းအခြေအနေတွင် 'ဘိုင်လိုရုရှားပြည်နယ်' မှ 'ဩစထရောစကီး' အမည်ရှိ မြေယာအနည်းငယ်မျှသာ ပိုင်ဆိုင်သော မြေရှင်တစ်ဦးသည် မြေယာ အမြောက်အမြားပိုင်ဆိုင်သော မြေရှင်ကြီးတစ်ဦးနှင့် ပဋိပက္ခဖြစ်ရာမှ တရား ရုံးတွင်အမှုရှုံးခဲ့သည်။ ဩစထရောစကီးတွင် သူ့အိမ်စေများမှတစ်ပါး အခြား

mgyoe.com

mgyoe.com



ပစ္စည်းအားလုံးအသိမ်းခံရ၍ဆင်းရဲသားဘဝသို့ဆိုက်ရောက်သွားခဲ့ရ၏။

ဤတွင် ဩစထရော့စကီးသည် သူ့အား မတော်မတရားပြုသူများ အပေါ် စိတ်နာကာ လူဆိုးတစ်ယောက်အဖြစ်သို့ ကူးပြောင်းရောက်ရှိသွား သည်။ ရန်သူများအား တိုက်ခိုက်လုယက်ခြင်းဖြင့်လက်စားချေသည်။ နောက်ဆုံးတွင် သူ့ဘဝကိုပျက်အောင်လုပ်ခဲ့ကြသည့် ရန်သူများကိုသာမက ငွေကြေးချမ်းသာသူများနှင့် လူချမ်းသာများဘက်မှ အမြဲရပ်တည်လေ့ရှိသော အစိုးရအရာရှိများနှင့် လူချမ်းသာမြေရှင်ကြီးများကို တိုက်ခိုက်လုယက်ခြင်း ပြုခဲ့သည်။

ယင်းဖြစ်ရပ်သည် မြေရှင်ပဒေသရာဇ်စနစ်ကို စိတ်ထဲကကြိတ်၍ ဆန့်ကျင်နေသော ပွတ်ရှကင်အဖို့ စွဲမက်စရာဇာတ်လမ်းတစ်ပုဒ် ဖြစ်လာ သည်။ ဤတွင် သူသည် သူ့ရင်တွင်းခံစားချက်များနှင့် ဤဖြစ်ရပ်ကိုပေါင်း စပ်၍ ဝတ္ထုတစ်ပုဒ်ရေးသည်။ ဝတ္ထုအမည်ကို 'ဩစထရော့စကီး'ဟုအမည် ပေးသည်။ ဤဝတ္ထုကို ၁၈၃၂ ခုနှစ်တွင် ရေးသားခြင်းဖြစ်၍ တကယ်တမ်း ထုတ်ဝေသည့် ၁၈၄၃ ခုနှစ်တွင်မူ 'ဒူဘရော့စကီး' အမည်ဖြင့် ထွက်ခဲ့သည်။

ပွတ်ရှကင် ကွက်လွန်ပြီးနောက် တွေ့ရှိခဲ့ရသည့် သူ၏လက်ရေးစာမူ များအရ ဒူဘရော့စကီးဝတ္ထုသည် မပြီးဆုံးသေးပေ။ အကြမ်းသဘောရေး ထားသည့် လက်ရေးမူတစ်ခုအရ 'ဒူဘရော့စကီး တတိယပိုင်း' ကို ဆက် လက်ရေးသားရန် စိတ်ကူးစီစဉ်ထားကြောင်း အခိုင်အမာ သိရှိခဲ့ကြသည်ဟု ဆိုသည်။ ထိုအပိုင်းသည် နောက်ဆုံးပိုင်းဖြစ်၍ ဇာတ်လမ်းဇာတ်ကွက်၏ နောက်ခံဒေသသည် 'မော်စကို' မြို့တော်ဖြစ်ပြီး ဇာတ်လမ်းကို မော်စကိုမြို့ တော်မှာပင် အဆုံးသတ်ရန် ရည်ရွယ်ထားပုံရသည်ဟုလည်း ဆိုကြပါသည်။

## ၃

ပွတ်ရှကင်သည် ကမ္ဘာ့စာပေလောကတွင် ပထမဆုံးထင်ရှားကျော် ကြားခဲ့သည့် ရုရှားစာရေးဆရာတစ်ဦး ဖြစ်သည်။ ကမ္ဘာ့စာပေပညာရှင်များ က သူ့အား 'ကဗျာပါရမီရှင်' ဟုလည်း အသိအမှတ်ပြုခဲ့ကြသည်။ သူ့မိခင် ဘက်မှဘေးကြီး (ထိုဘေးကြီးမှာ နီဂရိုးလူမျိုးဖြစ်၍ အဆီးဆီးနီးယား ဗိုလ် ချုပ်ကြီးအဖြစ် သမိုင်းတွင်ထင်ရှားခဲ့သူ) အကြောင်းရေးထားသည့် သူ့

mgyoe.com

mgyoe.com


၏ပထမဆုံးဝတ္ထုကိုလည်း ပထမဆုံးသော စာပေတန်းဝင်အဆင့်မီ ရုရှားဝတ္ထုကြီးအဖြစ် ကမ္ဘာ့စာပေပညာရှင်များက သတ်မှတ်ခဲ့ကြ၏။

စာပေပညာရှင် အများစုက ပွတ်ရှကင်၏ဝတ္ထုများ (စကားပြေအရေးအသားများ) ကို 'စာသံမပေါက်၊ ကဗျာသံပေါက်သည်' ဟု ဆိုကြသည်။ ရုရှားစာပေပညာရှင်များကမူ ပွတ်ရှကင်၏စာအရသာကို ရုရှားဘာသာတတ်ပြီး ရုရှားလိုဖတ်နိုင်မှသာပို၍ ခံစားသိရှိနိုင်ဖွယ်ရာရှိသည်ဟု ဆိုကြသည်။ သို့သော်လည်း ကမ္ဘာ့စာဖတ်ပရိသတ်အများစုသည် ပွတ်ရှကင်၏ကဗျာများနှင့်ဝတ္ထုများကို အင်္ဂလိပ်ဘာသာပြန်များမှသာ ထိတွေ့ကြရခြင်းဖြစ်ပါသည်။ ပွတ်ရှကင်၏မြန်မာပြန်ဝတ္ထုများမှာလည်း အင်္ဂလိပ်ဘာသာပြန်များမှ တစ်ဆင့်ယူရခြင်းဖြစ်ရာ ပွတ်ရှကင်၏လက်ရာအနှစ်သာရများကို မူရင်းအတိုင်းရနိုင်ဖို့လွယ်လှသည် မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ 'ချစ်ကြွေးမပြေ' ဟုအမည်ပေးထားသော ဤဝတ္ထု 'ဒူဘရောစကီး' သည် ကမ္ဘာ့စာပေတန်းဝင် ဂန္ထဝင်ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ဒူဘရောစကီးကို ဖတ်ရသည့်အခါတိုင်း ရှိတ်စပီးယား၏ 'ရိုမီယိုနှင့် ဂျူးလီယက်' ပြဇာတ်ကိုပြေး၍ သတိရမိတတ်ပါသည်။ ပွတ်ရှကင်ကိုယ်တိုင်က 'ကျွန်ုပ်တို့၏စာပေသခင်ကြီး'ဟုခေါ်ဆိုခဲ့သော ရှိတ်စပီးယား၏ 'ရိုမီယိုနှင့်ဂျူးလီယက်' သည် ပွတ်ရှကင်၏ 'ဒူဘရောစကီး' အပေါ်သြဇာလွှမ်းသက်ရောက်နေသလားဟုလည်း သံသယဝင်မိပါ၏။

□

mgyoe.com

mgyoe.com

# အခန်း ၁

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က 'ကီရိလာပက်ထရိုဗစ်ချ် ထရိုရိကူး ရော့ဗ်' အမည်ရှိ မျိုးကြီးရိုးကြီးအနွယ်ဝင်၊ အတွေးအခေါ်အယူအဆ ရှေးကျကျ ရုရှားအမျိုးသားတစ်ယောက်သည် သူပိုင်ခြံမြေကြီးတစ်ခုပေါ်တွင် အခြေစိုက်နေထိုင်လျက်ရှိသည်။ သူ၏ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှု၊ မျိုးရိုးကောင်းမှုနှင့် အဆက်အသွယ်ကောင်းမှုစသည်များသည် သူပိုင်လယ်မြေယာမြေနှင့် ခြံမြေများတည်ရှိရာနယ်မြေဒေသအတွင်း၌ အလွန်ကြီးကျယ်ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖြစ်သို့ ရောက်စေခဲ့၏။ ထို့ကြောင့်လည်း သူ့အိမ်နီးချင်းများသည် သူ့အားအလွန်တလေးတစား ဆက်ဆံကြသည်။ သူ့နှုတ်မှ ရယ်စရာစကားအနည်းငယ်လောက်ပြောရုံမျှဖြင့် ဟက်ဟက်ပက်ပက်ရယ်ဖို့ ဝန်မလေး။ နယ်မြေအတွင်းရှိ အစိုးရအရာရှိများသည် သူ့နာမည်ကြားရုံမျှဖြင့် တုန်လှုပ်ကြသည်။

ကီရိလာ ပက်ထရိုဗစ်ချ်ကလည်း ယင်းရိုသေကိုင်းရှိုင်းမှုများသည် သူနှင့်ထိုက်တန်၍ရနေသော အရာများဟု ယူဆထားသဖြင့် များစွာသဘောကျသည်။ လိုလိုလားလားလည်းရှိသည်။ သူ့အိမ်သည် အမြဲတစေ ဧည့်သည်များနှင့် ပြည့်နေလေ့ရှိ၏။ ဧည့်သည်များကလည်း မင်းစိုးရာဇာအထက်တန်းလွှာများ နှစ်သက်လေ့ရှိသော ပျော်ပါးမှုများတွင် ပါဝင်ဆင်နွှဲလေ့ရှိကြ၏။

mgyoe.com

mgyoe.com

မည်သို့ပင်ဖြစ်စေ သူကျင်းပပြု လုပ်လေ့ရှိသော ပျော်ပွဲရွှင်ပွဲများသည် အလွန်ကြမ်းတမ်းလေ့ရှိရုံမျှမက တစ်ခါတစ်ရံတွင် အလွန်ရိုင်းစိုင်းလေ့ရှိ၏။

သူထံမှဖိတ်စာလာလျှင် မလာနိုင်ပါဟု ငြင်းဆန်ရဲသူတစ်ဦးမျှမရှိ။ သူနေထိုင်ရာ 'ပေါ့ခ်ရှော့ဗ်စကိုးရီး' ရွာထဲ၌အခါကြီးရက်ကြီးများနှင့် ကြုံလာသည့် အခါများတွင်လည်း ရွာထဲမှ လူများသည် သူ့ထံသွား၍ ဂါရဝမပြုဘဲ မနေဝံ့ကြ။ ကီရီလာပက်ထရိုဗစ်ချ်၏ အိမ်ထောင်သည်ဘဝမှာလည်း ယဉ်ကျေးသိမ်မွေ့မှုဟူ၍ လုံးဝမရှိ။ ဖြစ်ကတတ်ဆန်းစည်းမဲ့ကမ်းမဲ့နေလွန်းအားကြီးသဖြင့် ချို့ယွင်းချက်များဖြင့် ပြည့်လျှံနေသည်။ သူသည် သူ့စိတ်ကိုအလွန်အလိုလိုက်သူဖြစ်သည်။ ငယ်စဉ်ဘဝကတည်းက အစစအရာရာ ဖိမ်ခံ၍နေလာသူဖြစ်သဖြင့် သူဆန္ဒရှိလာလျှင် ဘာကိုမှအလေးအနက်ထား၍ စဉ်းစား ဝေဖန်ခြင်းမပြုဘဲ ဖိမ်ခံလေ့ရှိ၏။ ကျပ်မပြည့်သလိုဖြစ်နေသော စိတ်ထဲ၌အာရုံခံစားလိုစိတ်ပေါ်လာလျှင် မဖြစ်မနေရယူခံစားချင်တတ်သော အလေ့အထလည်းရှိ၏။

သူ၏ထူးခြားသော ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုကြောင့် သူသည် သီတင်းတစ်ပတ်လျှင် သုံးရက်၊ လေးရက်မျှအဆမတန် အစားလွန်တတ်သော အကျင့်စရိုက်ရှိသည်။ ညစဉ်ညတိုင်း အရက်အလွန် အကျွံသောက်စားပြီး မူးယစ်နေတတ်သော အကျင့်လည်းရှိ၏။ သူ့အိမ်ကြီးတွင် အဆောင်များစွာရှိရာ တစ်ခုသော အဆောင်တွင် မိန်းကလေးအိမ်စေဆယ့်ခြောက်ဦးကို သီးသန့်ထားသည်။ သူတို့အား ဇာထိုးပန်းထိုးနှင့်အချုပ်အလုပ်တာဝန်များပေးထားသည်ဟု ဆိုသည်။ ထိုအဆောင်၏ပြတင်းပေါက်အားလုံးကို သစ်သားတိုင်ကလေးများကပ်၍ ကာရံထားသည်။ ဝင်ပေါက်ထွက်ပေါက်တံခါးများကိုလည်း အမြဲတစေ သော့ခတ်ထားသည်။ တံခါးသော့များကိုလည်း သူကိုယ်တိုင်ကိုင်ထားသည်။

သတ်မှတ်ပေးထားသည့် အချိန်များတွင် မိန်းကလေးများသည် ခြံဝင်းကြီးအတွင်းရှိ ပန်းဥယျာဉ်ထဲ၌ မိန်းမကြီးနှစ်ဦး၏ စောင့်ရှောက်မှုဖြင့် လမ်းလျှောက်ခွင့်ရကြသည်။ ကီရီလာ ပက်ထရိုဗစ်ချ်သည် အချိန်အခါအလျောက်ဤမိန်းကလေးများအတွက် လင်များရှာပေးလေ့ရှိသည်။ အိမ်ထောင်ချပေးလိုက်၍ လျော့သွားသည့် မိန်းကလေးများနေရာတွင် လူသစ်များရှာ၍အစား

mgyoe.com

mgyoe.com

ထိုးသည်။

သူသည် သူ့မြေပေါ်ရှိလယ်သမားများ၊ အိမ်ရှိအစေခံများနှင့် ဆက်ဆံရာ၌ တင်းမာခက်ထန်သည်။ နိုင်ထက်စီးနင်းပြုလေ့ရှိသည်။ ညှာတာမှု ကင်းမဲ့စွာဖြင့် တစ်ဖက်စီးနင်းလုပ်တတ်သည်။ သို့သော်လည်း သူ့လက်အောက်ရှိ လူအားလုံးသည် သူ့အားလေးစားချစ်ခင်ကြသည်။ သူတို့အနေဖြင့် သူတို့၏မြေပိုင်ရှင်သခင်ကြီး၏ ဥစ္စာခနကြွယ်ဝမှုနှင့် ထင်ရှားကျော်ကြားမှုများအတွက် ဂုဏ်ယူကြသည်။ သူတို့သခင်၏တန်ခိုးအာဏာကြီးမားသည့် ကာကွယ်မှုအပေါ် ယုံကြည်စိတ်ချစွာဖြင့် အားကိုးကြသည်။ သူတို့သခင်အားကိုးဖြင့် အနီးအနားရှိလူများကိုပင် ဂရုမစိုက်ဘဲ သူတို့လုပ်ချင်ရာကို လုပ်လေ့ရှိကြသည်။

ကီရီလာ ပက်ထရိုဗစ်ချ်အနေဖြင့် အဓိကထား၍လုပ်နေသည့်အလုပ်များမှာ သူပိုင်လယ်ယာမြေများ၏ အနီးပတ်ဝန်းကျင်သို့ထွက်၍ အမဲလိုက်ခြင်း၊ လူအများအားဖိတ်၍ ကျွေးမွေးဧည့်ခံခြင်းနှင့် ခင်မင်သိကျွမ်းစလူများအား ကိုယ်ထိလက်ရောက်နောက်ပြောင်ခြင်းစသည်များဖြစ်သည်။ အမှန်တော့ သူသည် သိကျွမ်းစလူများကိုသာမက ခင်မင်ရင်းနှီးပြီးသား မိတ်ဟောင်း ဆွေဟောင်းအပေါင်းအသင်းများကိုပင် ချမ်းသာပေးသူမဟုတ်။ ကျကျနနစီစဉ်ပြီး ထိထိခိုက်ခိုက်ဖြစ်အောင် နောက်ပြောင်တတ်သူ ဖြစ်လေသည်။

သူမနောက်မပြောင်ဘဲ ချွင်းချက်ထားသူဟူ၍ တစ်ဦးတည်းသာရှိ၏။ ယင်းပုဂ္ဂိုလ်မှာ 'အန်ဒရေးဂါဗရီလိုဗစ်ချ် ဒူဘရောစကီး' ဆိုသူဖြစ်သည်။ ဒူဘရောစကီးသည် လုံခြုံရေးတပ်မှ အငြိမ်းစားအရာရှိတစ်ဦးဖြစ်၍ ကီရီလာပက်ထရိုဗစ်ချ်၏ အနီးဆုံးသော အိမ်နီးနားချင်းလည်းဖြစ်၏။ ဒူဘရောစကီးသည် မြေကျွန်ခုနစ်ဆယ်မျှသာ ပိုင်ဆိုင်သော မြေရှင်တစ်ဦးဖြစ်ပေသည်။

အမှန်တော့ ကီရီလာပက်ထရိုဗစ်ချ်သည် အလွန်မာနကြီးသူဖြစ်သည်။ မောက်မောက်မာမာဆက်ဆံတတ်သူလည်း ဖြစ်၏။ အဆင့်အတန်းအမြင့်ဆုံးဆိုသည့် လူများကိုပင် သိပ်ပြီးဂရုစိုက်သူ မဟုတ်။ သို့သော်လည်း ငွေကြေးချမ်းသာကြွယ်ဝမှု၌ သူ့ထက်နိမ့်ကျသော ဒူဘရောစကီးနှင့်ကျတော့ တရိုတသေတလေးတစား ဆက်ဆံခြင်းပြုသည်။ ယင်းကဲ့သို့ ဆက်ဆံခြင်းမှာ

mgyoe.com

mgyoe.com

လည်း လုံလောက်သောအကြောင်းရှိသည်။ တကယ်တော့ ကီရီလာပက်ထရိ ဗစ်ချ်နှင့် ဒူဘာရောစကီးတို့သည် တစ်ချိန်သောအခါက အတူတူတွဲ၍ အလုပ် လုပ်ခဲ့ဖူးသည့် ရဲဘော်ရဲဘက်များဖြစ်ခဲ့ ကြသည် မဟုတ်ပါလား။

ကီရီလာ ပက်ထရိဗစ်ချ်သည် သူ့သူငယ်ချင်း ဒူဘာရောစကီး၏ စိတ် နေသဘောထားကို ကောင်းစွာသိသည်။ ဒူဘာရောစကီးသည် စိတ်နေစိတ် ဓာတ်တည်ကြည်ကြံ့ခိုင်သော်လည်း စိတ်ဓာတ်အလွန်ပြင်းထန်သူဖြစ်၏။ အချိန် အခါနှင့်အခြေအနေအရ လူချင်းကွဲကွာသွားကြသော သူတို့နှစ် ယောက်သည် နှစ်ပေါင်းများစွာကြာမှ ပြန်လည်ဆုံမိခဲ့ကြခြင်းဖြစ်သည်။ သူတို့ချင်းကွဲကွာနေကြသည့် ကာလအတွင်း၌ ဒူဘာရောစကီးသည် စီးပွားရေး ပျက်ပြားကျဆင်းကာ အခြေအနေယိမ်းယိုင်သွားခဲ့၏။ သူပိုင်လယ်မြေများ ရှိရာရွာသို့ပြန်ပြီး အခြေစိုက်ရသည်အထိ ဖြစ်သွားခဲ့ရ၏။ ထိုသတင်းကိုကြား သိရသော ကီရီလာပက်ထရိဗစ်ချ်သည် သူ့မိတ်ဆွေအတွက် စိတ်မကောင်း ဖြစ်သည်။ သူတတ်အားသရွေ့ကူညီလိုကြောင်း၊ သူပိုင်ဆိုင်သော မြေပေါ်သို့ သွား ရောက်နေထိုင်လိုပါကလည်း အချိန်မရွေးသွားရောက် နေထိုင်နိုင် ကြောင်း ဒူဘာရောစကီးထံအကြောင်းကြားခဲ့သည်။ ဒူဘာရောစကီးကလည်း သူငယ်ချင်း၏ကမ်းလှမ်းချက်အတွက် ကျေးဇူးတင်ကြောင်း ပြန်ကြားခဲ့သော် လည်း ပေးသည့်အကူအညီကိုမူ မယူခဲ့ပေ။

နောက်ပိုင်း နှစ်အနည်းငယ်မျှအကြာတွင် ကီရီလာပက်ထရိဗစ်ချ် သည် တပ်မှအနားယူပြီး အငြိမ်းစားဗိုလ်ချုပ်အဖြစ်ဖြင့် သူ့နယ်မြေသို့ပြန် လည်ရောက်ရှိလာခဲ့ကြသည်။ ထိုအခါ မိတ်ဆွေနှစ်ယောက် ပြန်လည်ဆုံမိ ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်ယောက်သား မဆုံမိသည့်နေ့ဟူ၍တစ်နေ့မှ မရှိ။ ဘယ်သူ့အိမ်ကိုမှ သွား၍လည်လေ့ရှိခြင်း မရှိသော ကီရီလာပက်ထရိ ဗစ်ချ်သည် သူ့သူငယ်ချင်း ဒူဘာရောစကီး၏အိမ်သို့ အမြဲတစေသွားရောက် လည်ပတ်လေ့ရှိသည်။

သူတို့နှစ်ယောက်သည် သက်တူရွယ်တူများဖြစ်သည်။ တူညီသော လူတန်းစားမှ မွေးဖွားလာကြသူများဖြစ်၍ ကြီးပြင်းလာခဲ့ရသည့် ပတ်ဝန်း ကျင်လည်း တူညီသည်။ အချို့နေရာများတွင် စိတ်နေစိတ်ထားနှင့်ကြိုက်ပုံ ခြင်းလည်း တူညီကြသည်။ အချို့နေရာများတွင် ကံကြမ္မာ၏ဒဏ်ခံရပုံခြင်း
mgyoe.com

mgyoe.com


လည်း တူညီကြသည်။

နှစ်ဦးစလုံးချစ်ခြင်းမေတ္တာကို အခြေခံ၍လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ လက်ထပ်ပြီး မကြာခင်မှာပင် ဇနီးသည်များရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြသည်။ နှစ်ဦးစလုံးတွင် သားသမီးတစ်ယောက်စီကျန်ရစ်ခဲ့ကြသည်။ ဒူဘာရော့စကီး၏သားသည် ပီတာစ်ဘတ်မြို့သို့သွားရောက်၍ ပညာသင်ကြားလျက်ရှိပြီး ကီရီလာပက်ထရိုဗစ်ချ်၏သမီးမှာ ဖခင်နှင့်အတူတူနေထိုင်လျက် ရှိကြ၏။ ဘဝအကျိုးပေးပုံတူညီနေသည်ကိုကြည့်ကာ ကီရီလာပက်ထရိုဗစ်ချ်က 'ဒီမယ်... ဒူဘာရော့စကီး... ခင်ဗျားသား ဗိုလ်လိုဒီယာ အရွယ်ရောက်လာရင် ကျွန်တော့်သမီး မာရှာနဲ့ လက်ထပ်ပေးမယ်။ သူ့အနေနဲ့ ဘုရားရှိခိုးကျောင်းက ကြွက်တစ်ကောင်လောက် ဆင်းရဲချင်ဆင်းရဲပါစေ၊ ကျွန်တော်ကတော့ လက်ထပ်ပေးဖို့အသင့်ပဲ' ဟု ဒူဘာရော့စကီးအား မကြာခဏပြောလေ့ရှိသည်။

ဒူဘာရောစကီးကလည်း ထိုစကားကိုကြားသည့်အခါတိုင်း 'မဖြစ်နိုင်ဘူး၊ ကီရီလာ ပက်ထရိုဗစ်ချ်' ဟု ခေါင်းတခါခါလုပ်၍ ပြန်ပြောလေ့ရှိသည်။ ကျွန်တော့်သား ဗိုလ်လိုဒီယာဟာ မာရှာနဲ့ မထိုက်တန်ပါဘူး။ သူ့လိုဆင်းရဲသားတစ်ယောက်ဟာ သူလိုဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်မှ အကောင်းဆုံးဖြစ်မှာပါ။ သူ့အနေနဲ့ငယ်ငယ်ကတည်းက အလိုလိုက်ထားလို့ ပျက်စီးနေတဲ့ မိန်းမချောလေးတစ်ယောက်ရဲ့ ဘဏ္ဍာစိုးဖြစ်ရတာထက် ဆင်းရဲတဲ့မိန်းမနဲ့ရပြီး အိမ်ထောင်အကြီးအကဲဖြစ်လာရတာက ပိုကောင်းပါလိမ့်မယ်'

မာန်မာနအလွန်ကြီးသော ကီရီလာ ပက်ထရိုဗစ်ချ်နှင့် သူ့အိမ်နားနီးချင်းဆင်းရဲသား ဒူဘာရောစကီးတို့ကြား၌ တည်ရှိနေသည့် ခင်မင်ရင်းနှီးမှုအပေါ်တွင် လူတိုင်းလိုလိုက မနာလိုတိုရှုည်ဖြစ်ကြသည်။ အံ့သြခြင်းလည်းဖြစ်ကြသည်။ အထူးသဖြင့် ဒူဘာရောစကီး၏ရဲတင်းသော ပြောဆိုဆက်ဆံမှုများကို မြင်ရသည့်အခါ အလွန်အံ့အားသင့်ကြသည်။

တစ်ခါတစ်ရံ ကီရီလာပက်ထရိုဗစ်ချ်၏စားပွဲ၌ ဧည့်သည်အများနှင့်ရောထိုင်နေသော ဒူဘာရောစကီးသည် ကီရီလာပက်ထရိုဗစ်ချ်နှင့် အမြင်ချင်းမတူသောအယူအဆကို ရဲရင့်ပြတ်သားစွာ ထုတ်ဖော်ပြောလေ့ရှိသည်။

mgyoe.com

mgyoe.com


အများအားဖြင့် ကိရိလာပက်ထရိုဗစ်ချ်အား ဆန့်ကျင်၍ပြောဝံ့သူဟူ၍တစ်ဦး မျှရှိသည်မဟုတ်။ ကိရိလာပက်ထရိုဗစ်ချ် ကိုယ်တိုင်ကလည်း သူ့အယူအဆ နှင့် မတူသည့်အမြင်တင်ပြလာလျှင် လုံးဝသည်းခံလေ့မရှိ။ တင်ပြလာသူရှိ လျှင် ထိုလူအား ရိုင်းစိုင်းကြမ်းတမ်းစွာ ဆက်ဆံလေ့ရှိ၏။ ထို့ကြောင့်လည်း လူတိုင်းက သူ့အရိပ်အကဲကိုကြည့်၍ သူ့အလိုသို့လိုက်ကာ ပြောဆိုဆက်ဆံ ကြသည်။ ဒူဘရောစကီးကတော့ ထိုသို့မဟုတ်၊ ကိရိလာပက်ထရိုဗစ်ချ် ၏အကြိုက်ကိုလိုက်၍ ပြောလေ့မရှိ။ ကိရိလာပက်ထရိုဗစ်ချ်နှင့် အယူအဆ ခြင်း တူသည်မတူသည်ကို အမိကမထား။ ကိရိလာပက်ထရိုဗစ်ချ် ကြိုက် မကြိုက်သည်ကိုလည်း ဂရုမစိုက်၊ သူ့ရင်ထဲရှိသည့်အတိုင်း လွတ်လပ်ရဲရင့် စွာ ပြောလေ့ရှိ၏။

အမှန်တော့ ထိုအလုပ်မျိုးလုပ်ဝံ့သူမှာ ဒူဘရောစကီးတစ်ယောက် တည်းသာရှိ၏။ ကိရိလာပက်ထရိုဗစ်ချ်ကလည်း ဒူဘရောစကီးနှင့်ကျတော့ ငြိမ်ခံသည်။ တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်အောင် တုံ့ပြန်ခြင်းမပြု၊ သို့တစေ လည်း အရာရာတိုင်းကို ပြောင်းလဲသွားစေသည့် ဖြစ်ရပ်တစ်ခုသည် မမျှော် လင့်ဘဲနှင့် ပေါ်ပေါက်လာခဲ့ရလေ၏။

ဆောင်းဦးပေါက်စတစ်ရက်တွင် ကိရိလာပက်ထရိုဗစ်ချ်သည် အမဲ လိုက်ထွက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သည်။ သူသည် အမဲလိုက် မထွက်မီ တစ်ရက်ကြိုတင်၍ သူ၏မြင်းထိန်းများနှင့် မုဆိုးများအား နောက် နေ့မနက်ငါးနာရီတွင် အဆင်သင့်ဖြစ်ရမည်ဟု အမိန့်ပေးထားသည်။ ရွက် ထည်တဲတစ်လုံးနှင့် မီးဖိုချောင်သုံးပစ္စည်းကိရိယာများကိုမူ သူညစာစား မည်ဟု သတ်မှတ်ထားသည့်နေရာသို့ကြို၍ ပို့ထားခဲ့ပြီးပြီဖြစ်၏။

အမဲလိုက်မထွက်မီ တစ်ညတွင် အိမ်ရှင်နှင့်ဧည့်သည်များသည် ခွေး လှောင်အိမ်များဆီသို့သွားကြသည်။ ခွေးအားလုံး အကောင်ငါးရာကျော်ခန့် ရှိ၍ အမဲလိုက်ခွေးမှာ မျိုးစုံရှိသည်။ ပိုင်ရှင်ကိရိလာပက်ထရိုဗစ်ချ်၏ ရက် ရက်ရောရောကျွေးမွေးမှုကြောင့် ခွေးများသည် ဝဖီးနေကြသည်။ နေထိုင် မကောင်းဖြစ်သော ခွေးများအတွက် 'ခွေးဆေးရုံငယ်' တစ်ခုလည်းရှိသည်။ ခွေးများ၏ကျန်းမာရေးကိုစောင့်ရှောက်တာဝန်ယူရသူမှာ တိရစ္ဆာန်ဆေးကု ဆရာဝန် တိမော့ရှကာ ဆိုသူဖြစ်သည်။ ခွေးဆေးရုံတွင် မီးဖွားနေသော

mgyoe.com

mgyoe.com


ခွေးမများနှင့် ခွေးသားသမီးများအတွက် သီးသန့်အဆောင်တစ်ဆောင်ရှိသည်။ ဤအဆောင်ထဲတွင် နို့စို့နေကြသော ခွေးပေါက်စအများအပြားကို မြင်နေကြရလေသည်။

ကီရီလာပက်ထရိုဗစ်ချ်သည် သူတည်ဆောက်ထားသည့် ခွေးဂေဟာအတွက် များစွာဂုဏ်ယူသည်။ ဧည့်သည်များလာကြည့်လျှင်လည်း ခေါင်းတစ်ထောင်ထောင် လုပ်ကာကြွားဝါတတ်သည်။ ယခုရောက်လာသည့် ဧည့်သည်တိုင်းလိုလိုပင် ဤခွေးဂေဟာကိုကြည့်၍ ပိုင်ရှင်၏ဝါကြွားသောစကားများကို နားထောင်ခဲ့ဖူးသည်မှာ အနည်းဆုံးအကြိမ်ပေါင်း နှစ်ဆယ်မကရှိခဲ့ပြီ။

အခုလည်း ကီရီလာပက်ထရိုဗစ်ချ်လည်း ဧည့်သည်များနှင့်အတူတူ ဆရာဝန် တီမော့ရှကာနှင့် ခွေးထိန်းများ ခြံရံကာ ခွေးဆေးရုံကို လိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိသည်။ အချို့သော ခွေးလှောင်အိမ်များရှေ့၌ရပ်ကာ ခွေး၏ကျန်းမာရေးအခြေအနေကို စုံစမ်းသည်။ သူသဘောကျသည့် ခွေးများနှင့် ကြုံသည့်အခါ လက်ဖျောက်တီးလိုက်၊ လေချွန်လိုက်လုပ်ကာ အရေးတယူပြုသည်။ ချိုသာအေးဆေးသော လေသံဖြင့် စကားပြောသည်။ ဧည့်သည်အားလုံးသည် ထုံးစံအတိုင်း သူတို့တွေ့ဖူးမြင်ဖူးနေသော ခွေးဆေးရုံကို ကီရီလာ ပက်ထရိုဗစ်ချ်၏ အကြိုက်လိုက်၍ အခုမှမြင်ရတွေ့ရသည့်နှယ် ရင်သပ်ရှုမော အံ့သြကြသည်။ အထူးအဆန်းလုပ်၍ ချီးမွမ်းစကားပြောကြသည်။

ဧည့်သည်အုပ်စုထဲတွင် ဘာစကားမှမပြောဘဲ မျက်မှောင်ကုတ်၍ နှုတ်ဆိတ်နေသူမှာ ဒူဘရောစကီးတစ်ဦးတည်းသာ ရှိ၏။ တကယ်တော့ အမဲလိုက်ခြင်းသည် ဒူဘရော့စကီးအနှစ်သက်ဆုံး အလုပ်တစ်ခုဖြစ်၏။ သို့သော်လည်း သူသည် ငွေကြေးချမ်းသာသူ တစ်ဦးမဟုတ်သဖြင့် အမဲလိုက်ခွေးများများမွေးမထားနိုင်။ လမ်းပြခွေးနှစ်ကောင်နှင့် အမဲလိုက်ခွေးတစ်စုံသာလျှင် မွေးထားနိုင်သည်။ ထို့ကြောင့်လည်း သူမြင်တွေ့ရသော ခွေးများနှင့် တခမ်းတနားရှိလွန်းလှသည့် ခွေးလှောင်အိမ်များကို ကြည့်ကာမနာလို စိတ်ကို မျိုသိပ်၍ မရနိုင်လောက်အောင် ဖြစ်လျက်ရှိလေသည်။

“ဘယ်လိုလဲ သူငယ်ချင်းရဲ့၊ ဘာဖြစ်လို့ မှုန်တေတေအောက်သိုးသိုး

mgyoe.com

mgyoe.com


ဖြစ်နေရတာလဲ'ဟု ကီရိလာပက်ထရိုဗစ်ချ်က မေးသည်။ 'ဘာလဲ...၊ ကိုယ့်လူက ကျွန်တော့်ရဲ့ခွေးလှောင်အိမ်ကို သဘောမကျလို့လား'

'ခင်ဗျားရဲ့ခွေးလှောင်အိမ်တွေက ပထမတန်းစားတွေပဲ၊ ကျွန်တော်သဘောမကျစရာဘာရှိမှာလဲ'ဟု ဒူဘရော့စကီးက ခြောက်ကပ်ကပ်လေသံဖြင့် အဖြေပေးသည်။ 'ခင်ဗျားရဲ့အစေခံတွေတောင်မှ ခင်ဗျားရဲ့ခွေးတွေနေသလို မနေရဘူးဆိုတာ သိနေတာပဲ'

ထိုစကားကိုကြားသည့်အခါ ခွေးထိန်းများထဲမှ တစ်ဦးသည် မခံချိမခံသာဖြစ်သည်။ 'ကျွန်တော်တို့ကတော့ အဲဒီအတွက် မကျေမနပ်မဖြစ်ကြပါဘူး'ဟု ဝင်ပြောသည်။ 'ကျွန်တော်တို့အနေနဲ့ အခုလိုနေရတဲ့အတွက် ဘုရားသခင်ကိုရော ကျွန်တော်တို့သခင်ကြီးကိုပါ ကျေးဇူးတင်လို့မဆုံးဖြစ်နေကြပါတယ်။ လူကြီးလူကောင်း အတော်များများတောင်မှ သူတို့နေတဲ့အိမ်နဲ့ ကျွန်တော်တို့၏ခွေးလှောင်အိမ်တွေလဲမယ်ဆိုရင် ဝမ်းသာအားရလဲကြမှာပဲလို့ထင်တယ်။ အဲဒါဆိုရင် သူ့အစာလည်း ဝဝလင်လင်စားရမယ်၊ ပိုပြီးနွေးနွေးထွေးထွေးလည်းနေရမှာ သေချာတယ်'

ကီရိလာပက်ထရိုဗစ်ချ်က သူ့တပည့်စကားကြားသည့်အခါ တအားအော်၍ ရယ်ကြသည်။ သူရယ်သည့်အခါ ဧည့်သည်များကလည်း ဝိုင်း၍ရယ်ကြသည်။ အမှန်တော့ ခွေးထိန်းသမား၏ပြက်လုံးသည် သူတို့အားလုံးကို ထိခိုက်မှန်းသိကြ၏။ သို့ပါလျက်နှင့် ကီရိလာပက်ထရိုဗစ်ချ်၏အကြိုက်ကို လိုက်၍ ရယ်မောကြခြင်းဖြစ်သည်။ ဒူဘရော့စကီးကတော့ ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး၊ စကားလည်း တစ်ခွန်းတလေမှ မပြော။

ထိုအခိုက်တွင် ခွေးထိန်းတစ်ယောက်သည် မွေးခါစခွေးပေါက်စလေးများကို ခြင်းတစ်လုံးဖြင့် ထည့်ယူလာပြီး ကီရိလာ ပက်ထရိုဗစ်ချ်အားပြသည်။ ကီရိလာ ပက်ထရိုဗစ်ချ်သည် ခွေးပေါက်စများအပေါ် အာရုံစူးစိုက်နေသဖြင့် စောစောကအဖြစ်ကို မေ့သွားလေပြီ။ သူသည် ခွေးကလေးများထဲက သူအကြိုက်ဆုံးနှစ်ကောင်ကို ရွေးလိုက်ပြီး ကျန်အကောင်များကို ရေနှစ်၍သတ်ပစ်ရန် အမိန့်ပေးသည်။ ဤအခိုက်တွင် ဒူဘရော့စကီးသည် ဧည့်သည်များကြားမှ ပျောက်သွားသည်။ သူထွက်သွားသည်ကို မည်သူမျှ သတိမပြုမိလိုက်ကြ။

mgyoe.com

ခွေးများကိုကြည့်အပြီးတွင် ကီရီလာပက်ထရိုဗစ်ချ်သည် ဧည့်သည်များနှင့်အတူ အိမ်ထဲသို့ပြန်ဝင်သည်။ ညစာစားပွဲ၌ထိုင်သည်။ ဒူဘရောစကီး တစ်ယောက်ပျောက်နေသည်ကို သတိထားမိသောအခါ ဘယ်ရောက်နေသလဲဟု မေးသည်။ အစေခံများက ဒူဘရောစကီး အိမ်ပြန်သွားပြီဟု ဖြေကြသည်။

ကီရီလာပက်ထရိုဗစ်ချ်က အိမ်စေတစ်ယောက်အား ဒူဘရောစကီး အိမ်သို့လွှတ်ပြီးခေါ်ခိုင်းသည်။ သူ့အမဲလိုက်ထွက်တိုင်း ဒူဘရောစကီးပါစမြဲဖြစ်သည်။ ဒူဘရောစကီးသည် အမဲလိုက်ဝါသနာကြီးသူဖြစ်သည်။ အတွေ့အကြုံလည်းများသူဖြစ်သည်။ အမြဲတစေပါနေကျလူတစ်ယောက်မပါလျှင်မဖြစ်ဟု သူယူဆသည်။ ထို့ကြောင့်လည်း ချက်ချင်းအခေါ်လွှတ်ခြင်းဖြစ်သည်။

ညစာစားပွဲ၌ လူစုံတက်စုံထိုင်မိကြသည့်အချိန်တွင် ဒူဘရောစကီး အိမ်သို့မြင်းနှင့်သွားခဲ့သော အိမ်စေပြန်ရောက်လာသည်။ ဒူဘရောစကီးကို ခေါ်မရဟု သူ့သခင်အားအကြောင်းကြားသည်။ ဤအချိန်တွင် အရက်အတော်များများဝင်နေပြီဖြစ်သော ကီရီလာ ပက်ထရိုဗစ်ချ်သည် အရက်အရှိန်ဖြင့် ဒေါသပို၍ကြီးလာသည်။ နောက်ထပ် အိမ်စေတစ်ယောက်လွှတ်၍ ဒူဘရောစကီးအား အခုချက်ချင်းလိုက်လာရန် အခေါ်ခိုင်းသည်။ အကယ်၍ ယနေ့ည မိမိအိမ်တွင်မအိပ်ပါက ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်ဟူသောစကားကိုလည်း ပြောခိုင်းသည်။ အိမ်စေသည် သူ့သခင်ခိုင်းသည့်အတိုင်း မြင်းကိုစိုင်း၍ထွက်သွားသည်။ ကီရီလာ ပက်ထရိုဗစ်ချ်သည် ချက်ချင်းပင်စားပွဲမှထကာ ဧည့်သည်များအားနှုတ်ဆက်ပြီး အိပ်ရာဝင်သည်။

နောက်တစ်နေ့မနက် အိပ်ရာမှနိုးလျှင်နိုးချင်း ကီရီလာ ပက်ထရိုဗစ်ချ်၏ခေါင်းထဲသို့ ပထမဆုံးဝင်လာသည့် မေးခွန်းမှာ 'ဒူဘရောစကီး ရောက်နေပြီလား' ဟူသော မေးခွန်းဖြစ်၏။ သူ့မေးခွန်းအတွက် ရရှိလာသည့်အဖြေမှာ အကျအနခေါက်ထားသည့် စာတိုလေးတစ်စောင်ဖြစ်သည်။ ကီရီလာ ပက်ထရိုဗစ်ချ်က သူ့စာရေးအား စာကိုကျယ်ကျယ်ဖတ်ပြစေသည်။ သူကြားရသည့် စကားလုံးများမှာ...

လူကြီးမင်းခင်ဗျား

mgyoe
mgyoe.com

mgyoe.com


'ကျွန်တော့်အနေဖြင့် ယခုလောလောဆယ် လူကြီးမင်း၏နေအိမ်သို့လာလိုသော ဆန္ဒမရှိပါ။ လူကြီးမင်း၏ခွေးထိန်း ပါရာမော့ရှခါအား ကျွန်တော့်ထံလွှတ်၍ တောင်းပန်စကားပြောခိုင်းမှသာ လာသင့်၊ မလာသင့် စဉ်းစားရပေလိမ့်မည်။ ကျွန်တော့်အနေဖြင့် လူကြီးမင်း၏ခွေးထိန်းအား အပြစ်ပေးလိုကလည်း ပေးရပါလိမ့်မည်၊ ခွင့်လွှတ်လိုကလည်း ခွင့်လွှတ်ပါမည်။ ကျွန်တော်သည် လူကြီးမင်း၏မြေကျွန်များအတွက် ရယ်စရာလူတစ်ယောက်မဟုတ်ပါ၊ ကျွန်တော် လူပြက်တစ်ယောက်မဟုတ်သည်ကို လူကြီးမင်း အသိဖြစ်ပါသည်။

အန်ဒရေး ဒူဘရောစကီး

ထိုခေတ်အခါက ယဉ်ကျေးမှုဓလေ့ထုံးစံအရဆိုလျှင် ဤစာသည် အတော်ကြီးရိုင်းစိုင်းသောစာဖြစ်သည်။ ဤစာကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားသော ကီရီလာပက်ထရိုဗစ်ချ်သည် အိပ်ရာပေါ်မှငေါက်ခနဲထထိုင်ကာ အောက်သို့ဆင်းလာသည်။

'ဘာကွ...' ဟု ဒေါသတကြီးရေရွတ်သည်။

'သူ့ဆီကို ငါ့လူတွေလွှတ်ပြီး တောင်းပန်ခိုင်းရမတဲ့၊ သူက ငါ့လူတွေကို သင့်တော်သလို အပြစ်ပေးမယ်တဲ့။ ဒါဘာစကားလဲကွ သူကသူ့ကိုယ်သူ ဘာကောင်လို့များ ထင်နေပါလိမ့်ကွာ၊ ဘယ်လိုလူစားနဲ့ဆက်ဆံနေတယ်ဆိုတာ ဒီကောင်မသိဘူးထင်တယ်။ ဒီစာရေးမိတဲ့အတွက် ဒီကောင်နောင်တရရမှာပေါ့ကွာ၊ ကီရီလာ ပက်ထရိုဗစ်ချ်ဆိုတဲ့လူကို စိတ်ဆိုးအောင်လုပ်လို့ကတော့ ဘာဖြစ်သွားမလဲဆိုတာ ပြရဦးမှာပေါ့'

ကီရီလာ ပက်ထရိုဗစ်ချ်သည် လောလောဆယ်အခြေအနေအရ သူ့ဒေါသကို ခဏမေ့ထားလိုက်ပြီး ကပ္ပာကယာအဝတ်လဲသည်။ ဧည့်သည်များနှင့်အတူ အမဲလိုက်ထွက်သည်။ အမဲလိုက်ရသည်မှာလည်း လုံးဝအဆင်မပြေ၊ တစ်နေ့ကုန်သည်အထိ သားကောင်ကြီးကြီးမားမားမတွေ့။ ယုန်တစ်ကောင်ကိုသာ မြင်ကြရသည်။ ထိုယုန်ကိုလည်း ထိမှန်အောင်မပစ်နိုင်၍ လက်လွှတ်ခဲ့ကြရ၏။ ရွက်ထည်တဲအတွင်း၌ ညစာစားကြသည့်အခါတွင်လည်း အဆင်မပြေမှုများနှင့် ကြုံရပြန်သည်။ ဤအဆင်မပြေမှုအားလုံး

mgyoe.com

mgyoe.com


သည် ကီရီလာပက်ထရိုဗစ်ချ်အတွက် သည်းမခံနိုင်သောအရာများဖြစ်၏။ ထို့ကြောင့်လည်း သူသည် ထမင်းချက်ကို ရိုက်လား၊ နှက်လား၊ ထိုးလား၊ ကြိတ်လား လုပ်သည်။ ဧည့်သည်များကို ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာသည်။ ထို့နောက် အမဲလိုက်တစ်ဖွဲ့လုံးတမင်သက်သက် ဒူဘရောစကီး၏ မြေပေါ်မှဖြတ်၍ ပြန်လာခဲ့ကြလေသည်။

ရက်ပေါင်းများစွာ ကုန်လွန်သွားခဲ့ပြီဖြစ်သော်လည်း အိမ်နားနီးချင်းနှစ်ဦးကြားရှိ ရန်ငြိုးကမပြေသေး။ ဒူဘရောစကီးသည် ကီရီလာ ပက်ထရိုဗစ်ချ်၏အိမ်သို့ လုံးဝမသွား။ ဒူဘရောစကီးကို သတိရနေသော ကီရီလာပက်ထရိုဗစ်ချ်ကလည်း နာလိုခံခက်ဖြစ်ကာ ဒူဘရောစကီးအား ထိခိုက်နစ်နာစေမည့် စကားများကိုရှာကြံ၍ပြောသည်။ သူပြောသည့်စကားများသည် ဘေးလူများမှတစ်ဆင့် ဒူဘရောစကီး၏နားသို့ရောက်သည်။ သို့သော်လည်း ဒူဘရောစကီးထံရောက်သည့်စာများမှာ ကီရီလာ ပက်ထရိုဗစ်ချ်ပြောသည့်အတိုင်းရောက်သည် မဟုတ်။ ဘရောစကီးပို၍စိတ်နာအောင်၊ ဒေါသဖြစ်အောင် ချဲ့ကားလုပ်ကြံထားသည့် စကားများဖြစ်သည်။ ယင်းကဲ့သို့ မကျေမလည်ရှိနေခိုက်တွင် နှစ်ဦးနှစ်ဖက်ပြေအေးအောင် လုပ်နိုင်ဖွယ်ရာရှိသေးသည်ဟူသော နောက်ဆုံးမျှော်လင့်ချက်ကို ပျက်ပြားသွားစေမည့်အဖြစ်တစ်ခုသည် ထပ်မံဖြစ်ပွားခဲ့ရပြန်လေ၏။

တစ်ရက်တွင် ဒူဘရောစကီးသည် သူပိုင်နယ်မြေအတွင်း၌ မြင်းရထားနှင့် လှည့်လည်သွားလာလျက်ရှိသည်။ ထိုအခိုက်တွင် သစ်ခုတ်နေသည့် ပုဆိန်သံကို ကြားလိုက်ရပြီး နောက်တစ်ခဏအတွင်းမှာပင် သစ်ပင်တစ်ပင်လဲကျသွားသံကို ကြားလိုက်ရ၏။ သူသည် ရထားသမားအား အသံလာရာဆီသို့ မောင်းခိုင်းသည်။ သူရောက်သွားသည့်အခါ ပေါ့ခ်ရော့ဗ်စကိုးရီရွာသား အချို့သစ်ခိုးခုတ်နေကြသည်ကို မြင်ရသည်။ ရွာသားများသည် ဒူဘရောစကီးကို မြင်သည့်အခါဖရိုဖရဲဖြစ်ကာ ကစဉ့်ကလျားထွက်ပြေးကုန်ကြလေသည်။

ဒူဘရောစကီးနှင့် သူ့ရထားသမားတို့လိုက်လံဖမ်းဆီးသဖြင့် သစ်ခိုးခုတ်သူနှစ်ဦးကိုမိသည်။ သူတို့သည် သစ်ခိုးခုတ်သူနှစ်ဦးအား ခေါ်လာပြီး အိမ်ရှေ့ကွင်းထဲ၌ကြိုးနှင့် ချည်ထားလိုက် သည်။ သစ်သူခိုးများစီးလာသည့်

mgyoe.com

မြင်းများအနက် သုံးကောင်ကိုလည်းရလိုက်၏။ ဒူဘာရောစကီးသည် အလွန်အမင်း ဒေါသထွက်လျက်ရှိသည်။ ဤသစ်သူခိုးများသည် ကီရီလာပက်ထရိုဗစ်ချ်၏ လူများဖြစ်၏။ သူတို့လူစုသည် ဆိုးသွမ်းကြသည်မှာမှန်သော်လည်း သူတို့ယခင်က မိမိ၏ပိုက်နက်ထဲသို့ အခုလိုကျူးကျော်ဝင်ရောက်လာပြီး ခိုးလားဝှက်လား မလုပ်ခဲ့ဖူး။ ယင်းကဲ့သို့မလုပ်ကြခြင်းမှာလည်း သူတို့သခင်နှင့် မိမိတရင်းတနှီးရှိနေ၍ ဖြစ်သည်။ ယခုအခါတွင်မူ မိမိနှင့် သူတို့သခင်မပြေမလည်ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ မိမိပိုင်သစ်များကို ခိုးခုတ်ကြခြင်းဖြစ်၏။

ကီရီလာ ပက်ထရိုဗစ်ချ်၏ မြေကျွန်များလုပ်ပုံကို စေ့စေ့စပ်စပ်တွေးကာ ဒေါသသူပုန်ထလျက်ရှိသော ဒူဘာရောစကီးသည် ဘာကိုမှမစဉ်းစားတော့ဘဲ သူမိထားသည့် လူနှစ်ယောက်အား သူတို့ခိုးထုတ်ထားသည့်သစ်ပင်မှတုတ်ဖြင့် ရိုက်နှက်အပြစ်ပေးရန် ဆုံးဖြတ်သည်။ သစ်သူခိုးများစီးလာသည့် မြင်းသုံးကောင်ကိုလည်း သူပိုင်မြင်းများသဖွယ် သူ့မြေပေါ်၌အလုပ်လုပ်ခိုင်းရန် ဆုံးဖြတ်သည်။

ထိုသတင်းကို ထိုနေ့မှာပင် ကီရီလာပက်ထရိုဗစ်ချ်၏ နားသို့ ရောက်သည်။ ဒေါသသူပုန်ထကာ အရူးတစ်ယောက်လိုဖြစ်သွားသော ကီရီလာပက်ထရိုဗစ်ချ်သည် သူ့မြေကျွန်များအားခေါ်၍ ဒူဘာရောစကီးပိုင် ကစ်တီနက်ဗ်ခါနယ်မြေကို သွားရောက်တိုက်ခိုက်ပြီး ရှိရှိသမျှပစ္စည်းများကို ဖျက်ဆီးပစ်ရန်နှင့် ပိုင်ရှင်ဒူဘာရောစကီးအား အကျဉ်းသားအဖြစ် ဖမ်းဆီး၍ သူ့အိမ်ထဲမှာပင်ချုပ်နှောင်ထားရန် စိတ်ကူးမိသည်။ သို့သော်လည်း ချက်ချင်းပင် စိတ်ပြောင်းသွားသည်။ တခြားကြောင့်မဟုတ်။ အကောင်းဆုံး နည်းတစ်နည်းကို စဉ်းစားမိ၍ဖြစ်သည်။

ကီရီလာပက်ထရိုဗစ်ချ်သည် သူ့အိမ်ကြီးထဲတွင် ခြေလှမ်းကျဲကျဲကြီးလှမ်းကာ ခေါက်တုံ့ခေါက်ပြန်လမ်းသလားလျက်ရှိရာမှ ပြတင်းပေါက်မှနေ၍ အပြင်သို့လှမ်းကြည့်လိုက်မိ၏။ ထိုအခိုက်မှာပင် ဂိတ်တံခါးမှ ကိုယ်ပိုင်မြင်းရထားတစ်စီးဝင်လာပြီးအတွင်းမှ သားရေကတ်ဦးထုပ် ဆောင်းကာဂရိတ်ကုတ်အင်္ကျီကြီးဝတ်ထားသော လူတစ်ယောက်ဆင်းလာသည်ကို မြင်လိုက်ရသည်။ သူသည် ဘဏ္ဍာစိုးနေထိုင်သည့် အိမ်ဘက်သို့ လျှောက်သွားနေသော

mgyoe.com

mgyoe.com

လူကို အသေအချာကြည့်လိုက်သည်။ ဤသူကို သူချက်ချင်းမှတ်မိသည်။ တရားသူကြီးရှာဘတ်ရှကင်း ဆိုသူဖြစ်၏။ သူသည် အိမ်စေတစ်ယောက်အား ရှာဘတ်ရှကင်းကို အခေါ်ခိုင်းသည်။ နောက်တစ်မိနစ်ခန့်အကြာတွင် တရား သူကြီးရှာဘတ်ရှကင်းသည် ကီရီလာပက်ထရိုဗစ်ချ်၏ ရှေ့ခြံရပ်ကာ ဦးခေါင်းကို အဆက်မပြတ်ညွတ်၍ အရိုအသေပေးရင်း ကီရီလာပက်ထရိုဗစ်ချ်ထံမှ ဘာစကားထွက်လာမည်ကို စောင့်မျှော်လျက်ရှိလေသည်။

'မင်္ဂလာ ညနေခင်းပါ' ဟု ကီရီလာပက်ထရိုဗစ်ချ်က နှုတ်ဆက်စကားပြောသည်။ 'ဒါနဲ့ နေပါဦး၊ ခင်ဗျားနာမည်က ဘယ်သူလဲ၊ ခင်ဗျား ဒီကို ဘာကိစ္စလာတာလဲ'

'ကျွန်တော် မြို့ထဲသွားမလို့ထွက်ခဲ့တာပါ ခင်ဗျာ' ဟု ရှာဘတ်ရှကင်းက တရိုတသေပြန်ပြောသည်။ 'အဲဒါသွားရင်းလာရင်း လမ်းကြုံလို့ အီဗန်ဒီမီယာနော့ဆိဗ် ဝင်တာပါ၊ လူကြီးမင်းအနေနဲ့ ကျွန်တော်ဆောင်ရွက်ပေးနိုင်မယ့်ကိစ္စမျိုးတွေ သူ့ကိုခိုင်းထားလေမလားလို့ ဝင်စုံစမ်းတာပါ'

'အေး... ခင်ဗျားရောက်လာတာ အချိန်ကောင်းပဲ၊ ကျုပ်မှာလည်း အလုပ်တစ်ခုရှိနေတယ်။ ဗော့ဒ်ခါသောက်ရင်း ကျုပ်ပြောတာ နားထောင်ပါလား'

ဖိတ်ခေါ်ပုံသိမ်မွေ့လွန်းသဖြင့် ရှာဘတ်ရှကင်သည် အံ့အားသင့်လျက်ရှိသည်။ သူသည် ယဉ်ကျေးစွာဖြင့် ဖိတ်ခေါ်မှုကို ငြင်းပယ်ကာ ကီရီလာပက်ထရိုဗစ်ချ်ပြောမည့်စကား နားထောင်ရန် ကုလားထိုင်တွင် ဝင်ထိုင်သည်။

'ကျုပ်မှာ အိမ်နီးချင်းတစ်ယောက်ရှိတယ်'ဟု ကီရီလာပက်ထရိုဗစ်ချ်က ပြောသည်။ 'မြေဧကနည်းနည်းလောက်ပိုင်တဲ့ တောသားအရိုင်းတစ်ယောက်ပဲ။ ကျုပ် သူ့လက်ထဲကမြေကိုလိုချင်တယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးနိုင်မလား'

'တကယ်လို့ပေါင်နှံထားတဲ့ စာချုပ်စာတမ်းတွေရှိမယ်ဆိုရင်တော့...

'အဲဒါမျိုးတော့ မရှိဘူး ကိုယ့်လူ၊ ကျုပ်လိုချင်တဲ့ ပုံစံက တရားဥပဒေအရရပိုင်ခွင့်မရှိဘဲ မြေကိုယူချင်တာ။ ဒါပေမဲ့... နေဦး... တစ်ခုတော့ရှိတယ်၊ အဲဒီမြေကို ကျုပ်တို့ပိုင်ခဲ့ဖူးတယ်။ ဒီမြေကို စပစ်ဆင်ဆိုတဲ့ လူတစ်ယောက်ဆီကဝယ်ခဲ့တာ၊ နောက်ပိုင်းကျတော့ ဒူဘရောစကီးရဲ့ အဖေကိုရောင်းလိုက်

တယ်။ ဒီလောက်ဆိုရင်ကော လုပ်လို့မရနိုင်ဘူးလား'

'ခက်ပါတယ်ခင်ဗျာ၊ ရောင်းတဲ့အချိန်တုန်းက ဥပဒေစည်းကမ်းနဲ့ အညီလုပ်ထားခဲ့တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်'

'ဒါတော့ စဉ်းစားပါဦးလေ၊ နည်းလမ်းလေးတစ်ခုလောက်ရအောင်တော့ ကြိုးစားကြည့်ပါဦး'

'တကယ်လို့ လူကြီးမင်းအနေနဲ့ အိမ်နီးနားချင်းဆီက စာရွက်စာတမ်း အချို့ရှိမယ်ဆိုရင်တော့ ရနိုင်စရာရှိပါတယ်'

'အေးပါလေ၊ ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ ခက်တာက စာရွက်စာတမ်းမှန်သမျှ မီးလောင်တဲ့အထဲပါသွားပြီ'

'ဘာ... စာရွက်စာတမ်းတွေ မီးလောင်ကုန်ပြီ ဟုတ်လား။ ဒါဆိုရင်တော့ လုပ်ရကိုင်ရခက်ပါတယ်ခင်ဗျာ၊ ဒီကိစ္စမျိုးမှာက ဥပဒေနဲ့အညီ မလုပ်လို့မဖြစ်ဘူးခင်ဗျ၊ ဒါမှလည်း လူကြီးမင်းအနေနဲ့ သူ့မြေကိုရတဲ့အခါ စိတ်ချမ်းသာမှုရှိမှာပါ'

'ခင်ဗျားက အဲသလိုပဲ ထင်သလား။ ထားပါတော့လေ၊ ကျုပ်ကတော့ ခင်ဗျားရဲ့ကြိုးစားအားထုတ်မှုကိုပဲ အားကိုးရမှာပါ ဖြစ်သွားရင်တော့ ကျုပ်က ကျေးဇူးကောင်းကောင်းဆပ်မှာပါ'

ရှာဘတ်ရှကင်းသည် သူ့နဖူးကိုမြေကြီးနှင့်ထိလုမတတ်ဦးညွှတ်၍ အရိုအသေပေးကာ အိမ်ထဲမှထွက်သွားသည်။ ထို့နေ့မှစ၍ သူသည် ဤကိစ္စအတွက် အလုပ်ရှုပ်တော့သည်။ မည်သည့်နည်းလမ်းဖြင့် မြေကို အရယူရမည်နည်းဟူသော အဖြေကို မရမနေရှာဖွေခြင်းပြုသည်။ ဤအားထုတ်မှုအတွက်ကြောင့် နောက်သီတင်းနှစ်ပတ်တိတိအကြာတွင် ဒူဘရောစကီးထံသို့ မြို့မှစာတစ်စောင်ရောက်လာသည်။ စာတွင် ကစ္စတီနက်ဗ်ခါရွာဟု အမည်တွင်နေသော ကျေးရွာတစ်ဝိုက်ရှိ လယ်မြေများကို ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ခိုင်လုံသော သက်သေအထောက်အထားများကို သက်ဆိုင်ရာ တရားရုံးသို့ အမြန်ဆုံးတင်ပြပါဟု ဖော်ပြထားသည်။

မမျှော်လင့်ဘဲရောက်လာသည့်စာကိုဖတ်ပြီး ဒူဘရောစကီးသည် အကြီးအကျယ် အံ့အားသင့်လျက်ရှိသည်။ စာရသည်နေ့မှာပင် သူသည် ပြန်စာကိုရေးသည်။ ကစ္စတီနက်ဗ်ခါရွာလယ်မြေများသည် သူ့ဖခင်ကွယ်လွန်

mgyoe.com

mgyoe.com


ချိန်မှစ၍ သူ့လက်တွင်းသို့ရောက်လာခြင်းဖြစ်ကြောင်း၊ ဖခင်ပစ္စည်းကို သားက ဆက်ခံပိုင်ခွင့်ရှိသည်ဟူသော အမွေဆက်ဆံရေးဆိုင်ရာ ဥပဒေအရ ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤကိစ္စမှာ ကီရီလာပက်ထရိုဗစ်ချ်နှင့် လုံးဝ သက်ဆိုင်ခြင်း မရှိကြောင်း၊ ဤပစ္စည်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ မိမိဖခင် နှင့် သွေးသားမစပ်သူ အပြင်လူတစ်ဦးဦးက ပြောလာသည်ဆိုပါမူ ထိုလူ သည် မိမိအားဂုဏ်သိက္ခာပျက်ပြားအောင်လုပ်ပြီး မိမိပိုင်ပစ္စည်းများကို လိမ်လည်ယူရန် ကြံစည်အားထုတ်ခြင်းသာ ဖြစ်နိုင်ဖို့ရှိကြောင်းစသည့် အချက်များကို စာတွင်ထည့်ရေးလိုက်သည်။

ဤစာကိုဖတ်ရသော ရှာဘတ်ရှုကင်းသည် များစွာအားရကျေနပ်ခြင်း ဖြစ်သည်။ ဤစာကိုဖတ်ရုံမျှဖြင့် ဒူဘရောစကီးသည် စီးပွားရေးသမားမဟုတ် ဟူသော အချက်တစ်ချက်နှင့် အလွန်ဒေါသကြီးပြီး အမြော်အမြင်အဆင် အခြင်နည်းသော သူ့လိုလူစားတစ်ယောက်အား အနိုင်ယူဖို့ခက်ခဲလိမ့်မည် မဟုတ်ဟူသော အချက်တစ်ချက်ကိုပါ ခန့်မှန်းနိုင်ခြင်းကြောင့် ဖြစ်၏။

သို့သော်လည်း တရားသူကြီး၏ပေးစာကို နောက်တစ်ကြိမ်စေ့စေ့ စပ်စပ်ထပ်၍ ဖတ်မိသော အန်ဒရေး ဒူဘရောစကီးသည် ဤစာနှင့်ပတ်သက် ၍ အသေးစိတ်ပြန်ကြားမှဖြစ်မည်ဟူသော လိုအပ်ချက်ကို သိမြင်နားလည် လာသည်။ သူသည် စာကို လုပ်ငန်းဆန်ဆန်ဖြစ်အောင် ထပ်ရေးသည်။ မည်သို့ပင်ဖြစ်စေ ထိုစာတွင်လည်း လိုအပ်သော အချက်အလက်များ ပြည့် ပြည့်စုံစုံပါမသွားခဲ့ပေ။

ဤသို့ဖြင့် ဤပြဿနာသည် လိပ်ခဲတင်းလင်းဖြစ်လျက်ရှိသည်။ အန်ဒရေး ဒူဘရောစကီးကတော့ တရားဥပဒေရှုထောင့်မှကြည့်လျှင် သူ့ပိုင် ဆိုင်ခွင့်အရ... ရလာခဲ့ခြင်းဖြစ်သဖြင့် ဤကိစ္စအတွက် များစွာပူပန်ခြင်းမဖြစ်။ ဤကိစ္စအတွက် ငွေကိုရေလိုသုံးရန်လည်း စိတ်မကူး၊ အကျင့်ပျက်ပြားနေ ကြသော တရားရုံးဝန်ထမ်းများအား ချဉ်းကပ်ရန်လည်း မစဉ်းစား။ သူသည် သူတို့ကိုယ်သူတို့ သီးသန့်လူတန်းစားတစ်ရပ်ဟု ယူဆသတ်မှတ်ကာ အကျင့် စာရိတ္တပျက်ချင်တိုင်းပျက်နေသော အမှုထမ်း၊ အရာထမ်းများကို အလွန်ရွံရှာ စက်ဆုပ်သူဖြစ်၏။ ဤအကျင့်ပျက်များကြောင့် သူဒုက္ခရောက်ရမည့် အရေးကိုလည်း တွေးပင် မတွေးမိ။

mgyoe.com

mgyoe.com

ကီရိလာ ပက်ထရိုဗစ်ချ်သည်လည်း သူစထားသည့် အမှုကိစ္စအတွက် ပူပန်သောကမထား။ ဤကိစ္စတစ်ခုလုံးကို ရှာဘတ်ရှကင်အားတာဝန်ပေးထားပြီးဖြစ်၍ သူပူစရာမလိုဟု ခံယူသည်။ ရှာဘတ်ရှကင်းသည် သူ့ကိုယ်စား ဤအမှုအနိုင်ရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်သွားလိမ့်မည်ဟုလည်း သူတထစ်ချ ယုံကြည်စိတ်ချထားသည်။ တကယ်တော့ လည်း ရှာဘတ်ရှကင်းသည် တရားသူကြီးများအား လာဘ်ထိုး၍ဥပဒေကို လိုသလိုဆွဲကာ အသုံးချတတ်သူတစ်ဦးမဟုတ်ပါလော...။

ဤသို့ဖြင့် ၁၈.... ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဒူဘရောစကီး ထံသို့ သက်ဆိုင်ရာ စည်ပင်သာယာဌာနမှ ဆင့်ခေါ်စာတစ်စောင် ရောက်လာသည်။ စာထဲတွင် အငြိမ်းစားဗိုလ်ကြီးအန်ဒရေး ဒူဘရောစကီးနှင့် အငြိမ်းစားဗိုလ်ချုပ် ကီရိလာပက်ထရိုဗစ်ချ်တို့ အငြင်းပွားနေသော မြေမှုအတွက် အမိန့်ချမှတ်မည်ဖြစ်၍ တရားသူကြီး၏ရှေ့မှောက်သို့အရောက်လာရမည်ဟု ရေးထားသည်။

ဒူဘရောစကီးသည် ဆင့်စာရသည့်နေ့မှာပင် စွတ်ဖားတစ်စီးဖြင့် မြို့သို့သွားသည်။ သူလမ်းပေါ်ရောက်ပြီး မကြာခင်မှာပင် သူ့စွတ်ဖားကို ကီရိလာပက်ထရိုဗစ်ချ်၏ စွတ်ဖားက မှီလာသည်။ သူတို့သည် အလွန်ရန်ငြိုးကြီးသည့် မျက်နှာထားများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ဒူဘရောစကီးသည် ပြုံ့ဘက် ကီရိလာပက်ထရိုဗစ်ချ်၏ မျက်နှာပေါ်တွင် အလွန်အာဃာတကြီးမားပြီး အဘိဇ္ဈာများလွန်းသည့်အပြုံးကို သတိပြုလိုက်မိလေသည်။

□

mgyoe.com

mgyoe.com

# အခန်း ၂

မြို့ပေါ်ရောက်သည့်အခါ အန်ဒရေး ဒူဘာရောစကီးသည် သူ့မိတ်ဆွေကုန်သည်တစ်ဦး၏ အိမ်တွင် တစ်ညအိပ်သည်။ နောက်တစ်နေ့နံနက်တွင် ခရိုင်တရားသူကြီးရုံးသို့သွားသည်။ သူရုံးထဲဝင်သွားသည့်အခါ မည်သူကမှ သူ့အား ဂရုမစိုက်၊ စိတ်ဝင်တစားလည်း မရှိ။

သူရောက်ပြီး မကြာခင်မှာပင် ကီရီလာ ပက်ထရိုဗစ်ချ်ရုံးခန်းအတွင်းသို့ ဝင်လာသည်။ စားပွဲအသီးသီးတွင် ထိုင်နေကြသော စာရေးများသည် ငှက်တောင်မင်တံများကို နားရွက်များကြား၌ ညှပ်ကာ မတ်တတ်ရပ်နှုတ်ဆက်ကြသည်။ တရားရုံးအရာရှိများကလည်း တရိုတသေတလေးတစားဆီးကြိုကြသည်။ လက်တင်ကုလားထိုင်တစ်လုံးကို သူ့ဘက်သို့တွန်းပို့ပေးကြသည်။ သူ၏ ယခင်ကရာထူး၊ လက်ရှိအဆင့်အတန်းနှင့် အသက်အရွယ်၊ သူ၏ ဝဝဖိုင့်ဖိုင့်ကိုယ်ခန္ဓာစသည်များကိုထောက်ထား၍ ယခုကဲ့သို့ ထိုင်စရာနေရာပေးသည့် သဘောဖြစ်သည်။

ကီရီလာပက်ထရိုဗစ်ချ်သည် ရုံးခန်းတံခါးနားရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ အန်ဒရေး ဒူဘာရောစကီးကတော့ တံခါးဝအနီးမှ နံရံကိုမှီ၍ ရပ်နေသည်။ တရားရုံးခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ခဏမျှအကြာတွင် ရှေ့ဘတ်စာရေးသည် ထိုင်ရာမှထရပ်ကာ တရားရုံး၏ ဆုံးဖြတ်

mgyoe.com

mgyoe.com


ချက်ကို ခပ်ကြွားကြွားလေသံဖြင့် အော်ဖတ်သည်။

ထိုခေတ်အခါကာလသည် မင်းစိတ်စိုးစိတ်အားကြီးသောလူများ ကြီးစိုးသည့်ခေတ်ဖြစ်သည့်အားလျော်စွာ ဆုံးဖြတ်ချက်တွင် ရေးထားသည့် ဟန်နှင့် လေသံများသည် နိုင်ထက်စီးနင်းနိုင်လွန်းလှ၏။ မောက်မောက် မာမာလည်းရှိလွန်းလှ၏။ သို့သော်လည်း စာမတတ်၊ ပေမတတ်သူများ ရေးသားထားသောစာဖြစ်၍ ဆုံးဖြတ်ချက်ကိုနားထောင်ရသည်မှာ ရယ်စရာ ပြက်လုံးကောင်းတစ်ခုကို ကြားနေရသည့်နှယ်ရှိသည်။

မည်သို့ပင်ဖြစ်စေ တရားရုံး၏အဆုံးအဖြတ်သည် ရှင်းလင်းပြတ်သား သည်။ အန်ဒရေး ဒူဘရောစကီး၏မြေယာအားလုံးသည် ကီရီလာပက်ထရို ဗစ်ချ်သာလျှင် အစဉ်အဆက်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်၍ ယခုလည်း ဆက်လက် ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်က ဖော်ပြသည်။

ဆုံးဖြတ်ချက်တွင် တရားပြိုင်နှင့် တရားလိုတို့က တရားသူကြီး၏ရှေ့ မှောက်၌ လက်မှတ်ထိုးကြရမည်ဖြစ်၏။

ရှေ့ဘတ်စာရေးသည် အမိန့်ကိုဖတ်ပြီးသည်နှင့် တစ်ပြိုင်နက်ပြန်ထိုင် သည်။ ထိုအခါ တရားသူကြီးသည် ထိုင်ရာမှထ၍ ကီရီလာပက်ထရိုဗစ်ချ် အား သက်ဆိုင်ရာစာရွက်စာတမ်းများတွင် လက်မှတ်လာထိုးဖို့ ဦးခေါင်း ဆတ်၍ခေါ်သည်။ ကီရီလာ ပက်ထရိုဗစ်ချ်သည် တရားသူကြီးထံသို့ အောင် မြင်ဝင့်ကြွားစွာ လျှောက်သွားပြီး တရားသူကြီးလက်ထဲမှ မင်တံကိုဆွဲယူကာ လက်မှတ်ထိုးသည်။

အန်ဒရေး ဒူဘရောစကီး၏အလှည့်ရောက်ပြီ။ ရှေ့ဘတ်စာရေးသည် စာရွက်ကိုယူ၍ ဒူဘရောစကီးထံ လျှောက်သွားသည်။ သို့သော်လည်း ခေါင်း ငိုက်စိုက်ကျနေသော ဒူဘရောစကီးသည် လုံးဝလှုပ်ရှားခြင်းမပြု။

ရှေ့ဘတ်စာရေးသည် ဒူဘရောစကီး၏ရှေ့တည့်တည့်တွင် ရပ်ကာ လက်မှတ်ထိုးဖို့ သတိပေးသည်။ အကယ်၍ဤတရားရုံး၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက သက်ဆိုင်ရာ အထက်တရားရုံးသို့ သတ်မှတ်ထားသည့်ရက် မတိုင်မီ အယူခံဝင်နိုင်ကြောင်းလည်း အသိပေးသည်။

ဒူဘရောစကီးသည် စကားတစ်ခွန်းမျှမပြော။ ရုတ်တရက် သူသည် ငိုက်ဆိုက်ချထားသည့် ဦးခေါင်းကို ဖျတ်ခနဲမော့လိုက်ကာ ရှေ့သို့လျှောက်

mgyoe.com

mgyoe.com


သွားသည်။ သူ့ရှေ့မှာရပ်နေသည့် ရှေ့ဘတ်စာရေးအား လက်တစ်ဖက်ဖြင့် တွန်း၍ ဖယ်လိုက်သည်။ သူတွန်းလိုက်သည့်အရှိန်က ပြင်းလွန်းသဖြင့် ရှေ့ဘတ်စာရေးသည် ဘေးတစ်ဖက်သို့ လဲကျသွားသည်။ သူသည် စားပွဲပေါ်ရှိမှင်အိုးကို ကောက်ယူကာ တရားသူကြီး၏မျက်နှာကိုပစ်ပေါက်လိုက်သည်။ ရုံးခန်းထဲရှိလူအားလုံး ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

'ဘာလဲကွ…' ဟု ဒူဘရောစကီးက အော်သည်။

'မင်းတို့ဟာ အတော့်ကို ယုတ်မာတဲ့ကောင်တွေပဲ၊ ရွံ့ရှာစက်ဆုပ်ဖို့ကောင်းတဲ့ မျိုးဆက်တစ်ခုတည်ဆောက်နေကြတဲ့ လူယုတ်မာတွေပါလား' ဟု ဆက်ပြောသည်။

သူသည် ကီရီလာပက်ထရိုဗစ်ချ်ဘက်သို့လှည့်၍…

'ခွေး… ဒီအကောင်က ခွေးတွေကို ဘုရားသခင်အဆောင်ထဲထားတဲ့ကောင်၊ ဘုရားဆောင်ထဲမှာ ခွေးတွေသောင်းကျန်အောင်လုပ်ထားတဲ့ကောင်…၊ ဒီအကောင်မျိုးကို ငါကိုယ်တိုင်ဆုံးမဖို့…'

ဒူဘရောစကီး၏အော်ဟစ်သံ၊ ကြိမ်းမောင်းသံများကြားသဖြင့် အစောင့်များရောက်လာသည်။ ဒူဘရောစကီးအား ဝိုင်း၍ဆွဲကြသည်။ ပြင်းထန်စွာ ရုန်းကန်နေသဖြင့် အတော်ကြီး ခက်ခဲပင်ပန်းစွာ ချုပ်ကိုင်ကြရသည်။ မလှုပ်နိုင်အောင် ချုပ်ကိုင်မိသောအခါ အစောင့်များသည် ဒူဘရောစကီးအား ဆွဲခေါ်သွားပြီး သူ့စွတ်ဖားပေါ်တင်ပေးသည်။

ကီရီလာပက်ထရိုဗစ်ချ်သည် တရားရုံးအတွင်းမှ ထွက်လာသည်။ သူနှင့်အတူ တရားရုံးမှလူများလိုက်ပါလာကြသည်။ အရူးလိုဖြစ်သွားသော ဒူဘရောစကီး၏လုပ်ရပ်များသည် ကီရီလာပတ်ထရိုဗစ်ချ်၏အောင်မြင်မှုပေါ် အဆိပ်ရည်လောင်းပေးလိုက်သလိုဖြစ်သွားသည်။ မတော်မတည့်သော စိတ်ကူးယဉ်မှုများ ကိန်းအောင်းသွားစေရန် တွန်းအားပေးလိုက်သလိုလည်း ဖြစ်သွားသည်။

တရားသူကြီးများသည် ကီရီလာပက်ထရိုဗစ်ချ်ထံမှသာ ယာအေးမြသော ကျေးဇူးတင်စကားကြားရလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သို့သော်လည်း ကီရီလာပက်ထရိုဗစ်ချ်၏နှုတ်ဖျားမှ စကားတစ်လုံးပင် ထွက်မလာ။ လှည့်၍ပင်မကြည့်။ သူသည် ထိုနေ့မှာပင် ပေါ့ခ်ရော့ဗ်စတိုးရီးရွာသို့

mgyoe.com

mgyoe.com


ပြန်သည်။

ထိုအချိန်တွင် အန်ဒရေးဒူဘာရောစကီးသည် လူနာအိပ်စင်ကုတင် ပေါ်၌ ရောက်နေလေပြီ။ ခရိုင်ဆရာဝန်သည် လူနာအား စမ်းသပ်ကာ ကြည့်ရှုကုသပေးလျက် ရှိသည်။ ထိုနေ့ညနေပိုင်းကျခါမှပင် လူနာ၏ အခြေအနေသည် ပြန်ကောင်းလာသည်။ သတိလည်း ပြန်လည်လာသည်။ နောက်တစ်နေ့တွင် သူ့အား သူမပိုင်တော့သည့် ကစ္စတီနက်ဇ်ခါရွာသို့ လိုက်ပို့ကြသည်။

□

mgyoe.com

mgyoe.com

# အခန်း ၃

အချိန်တွေ တစ်နာရီပြီးတစ်နာရီ၊ တစ်ရက်ပြီးတစ်ရက် ကုန်သွားသည်။ ကံဆိုးရှာသည့် အန်ဒရေး ဒူဘာရောစကီး၏ကျန်းမာရေးသည် ပြန်၍ကောင်းမလာ၊ တရားရုံး၌လုပ်ခဲ့သည့် အလုပ်မျိုးကို နောက်ထပ်မလုပ်နိုင်တော့။ သူ့တွင် လုပ်နိုင်ကိုင်နိုင်သည့် အင်အားများလည်း တစ်နေ့တခြားနည်းလာသည်။ သူသည် ယခင်က လုပ်နေကျဖြစ်သော အလုပ်များကိုလည်း မလုပ်နိုင်တော့။ သူသည် သူ့အိပ်ခန်းထဲမှ လုံးဝမထွက်၊ အချိန်ရှိသရွေ့ အခန်းအောင်း၍သာနေသည်။

တစ်ချိန်က အန်ဒရေးဒူဘာရောစကီး၏သားကို ပြုစုထိန်းကျောင်းခဲ့ရသော အဘွားကြီး ယီရိုရော့ဗ်နာသည် ယခုအခါတွင် ဖခင်အား ပြုစုစောင့်ရှောက်ပေးနေရသည့် သူနာပြုဖြစ်လာသည်။ အဘွားကြီးသည် ဒူဘာရောစကီးအား ကလေးတစ်ယောက်ပြုစုသလို ပြုစုရှာသည်။ စားချိန်တွင်လည်း စားဖို့သတိပေးကာ သူကိုယ်တိုင်ကျွေးမွေးရသည်။ အိပ်ချိန်တွင်လည်းအိပ်ဖို့သတိပေးကာ သူကိုယ်တိုင်သိပ်ရသည်။ အန်ဒရေးဒူဘာရောစကီးသည် အဘွားကြီးပြောသမျှစကားကို နားထောင်သည်။ နာခံလိုက်နာသည်။ သူ့အနေဖြင့် အဘွားကြီးမှ တစ်ပါးအခြားလူများနှင့် လုံးဝအဆက်အသွယ်မရှိတော့။

အန်ဒရေး ဒူဘာရောစကီး၏လက်ရှိအခြေအနေသည် သူ့ပြဿနာအရပ်ရပ်ကို စဉ်းစားတွေးတောနိုင်ခြင်း မရှိတော့...။ သူ့လက်အောက်ငယ်သား

mgyoe.com

mgyoe.com


များကို အမိန့်ပေးစေခိုင်းနိုင်ခြင်းလည်း မရှိတော့။ အဘွားကြီး ယီရိုရှော့ဗ်နာသည် သူ့သခင်၏ကျန်းမာရေးအခြေအနေကို ကြည့်၍သားဖြစ်သူ ဒူဘာရောစကီးထံ အကြောင်းကြားဖို့ လိုအပ်ပြီဟု ယူဆသည်။

အန်ဒရေး ဒူဘာရောစကီး၏သား ဒူဘာရောစကီးမှာ လုံခြုံရေးတပ်တွင် အရာရှိတစ်ယောက်အဖြစ်ဖြင့် ပီတာစ်ဘတ်မြို့၌ ရောက်နေသည်။ တစ်ရက်တွင် အဘွားကြီးသည် ငွေစာရင်းစာအုပ်ကြီးထဲမှ စာရွက်တစ်ရွက်ကို ဆုတ်ဖြဲကာ ထမင်းချက်ဟာရီတွန်ထံ ရောက်လာသည်။ ကစ္စတီနက်ဗ်ခါ တစ်ရွာလုံးတွင် စာရေးတတ်၊ ဖတ်တတ်သူဆို၍ ဟာရီတွန်တစ်ဦးတည်းသာရှိသည် မဟုတ်ပါလော။ အဘွားကြီးသည် ရေးရမည့်အကြောင်းအရာများကို သူကိုယ်တိုင်ပါးစပ်မှ ပြောပြပြီး ဟာရီတွန်အား စာအရေးခိုင်းသည်။ ထိုစာကို ထိုနေ့မှာပင် မြို့သို့လူတစ်ယောက်လွှတ်ကာ စာတိုက်မှ ထည့်ခိုင်းလိုက်လေသည်။

* * *

ဗလာဒီမာ ဒူဘာရောစကီးသည် စစ်တက္ကသိုလ်ကျောင်းဆင်းတစ်ယောက်ဖြစ်သည်။ သူ့ဖခင် အန်ဒရေးဒူဘာရောစကီးသည် စစ်တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သော သူ့သား ဗလာဒီမာ ဒူဘာရောစကီးအား အလွန်အလိုလိုက်သည်။ သူ့သားအတွက်ဆိုလျှင် နှမြောတွန့်တိုခြင်းမရှိ၊ ရက်ရက်ရောရောပေးလေ့ရှိသည်။ ထို့ကြောင့်လည်း သား ဒူဘာရောစကီးသည် သူ့အိမ်မှမျှော်လင့်ထားသည်ထက် ငွေကြေးအထောက်အပံ့ ပိုမိုရရှိခဲ့သည်။ ဤသို့ဖြင့် သားဒူဘာရောစကီးသည် ပေါ့ပေါ့တန်တန်နေပြီး အသုံးအဖြုန်းကြီးသောလူငယ်တစ်ယောက်ဖြစ်လာခဲ့ရသည်။

တကယ်တော့လည်း သား ဒူဘာရောစကီးသည် အလွန်စိတ်အလိုလိုက်သည်ဖြစ်ရာ ပျော်မှုပါးမှုအတွက်ဆိုလျှင် တွန့်တိုခြင်းမရှိဘဲ သုံးစွဲတတ်သည်။ လောင်းကစားတွင်လည်း ဝါသနာကြီးသည်ဖြစ်ရာ သူ၏အနာဂတ်ဘဝအတွက် တွေးခေါ်မြော်မြင်ခြင်းမရဘဲ အကြွေးတင်သည်အထိ လောင်းကစားကြူးခဲ့၏။ မည်သို့ပင်ဖြစ်စေ သူကတော့ ဘာကိုမှ အလေးအနက်စဉ်းစားဆင်ခြင်ခြင်းမပြု၊ အနေးနှင့်အမြန်ဆိုသလို ချမ်းသာကြွယ်ဝသော မိန်းမတစ်ယောက်ရဖို့အရေးကိုသာ အဓိကထား၍ မျှော်လင့်လျက်ရှိသည်။

mgyoe.com

mgyoe.com


အမှန်တော့ ထိုတွေးအခေါ်သည် ဆင်းရဲသောလူငယ်တစ်ယောက်၏စိတ်ကူးယဉ်အိပ်မက်မျှသာဖြစ်လေသည်။

တစ်နေ့ ညနေခင်းတွင် အရာရှိအတော်များများသည် ဗလာဒီမာဒူဘာရောစကီး၏အခန်းထဲရှိ ဆိုဖာများပေါ်၌ အကျအန လဲလျောင်းကာ ဆေးအိုးကို တစ်ယောက်တစ်လှည့်ဖွာရှုလျက်ရှိကြသည်။ ဤအခိုက်တွင် ဗလာဒီမာ ဘရောစကီး၏အခိုင်းအစေ ဂရိုရှာရောက်လာပြီး စာတစ်စောင်ပေးသည်။ စာအိတ်ပေါ်တွင် ရေးထားသည့် လက်ရေးနှင့်ပိတ်ထားသည့် ချိပ်တံဆိပ်ကိုကြည့်ကာ ဗလာဒီမာ ဒူဘာရောစကီး၏ရင်သည် ထိတ်ခနဲဖြစ်သွားသည်။သူသည် ကပျာကယာ စာအိတ်ကိုဖွင့်၍ အတွင်းမှစာကို ကသောကမျောဖတ်သည်။

'ကျွန်မတို့ရဲ့သခင်လေး ဗလာဒီမာဒူဘာရောစကီးထံ သခင်လေးရဲ့ကလေးထိန်းဖြစ်ခဲ့ဖူးတဲ့ ကျွန်မက သခင်လေးဖခင်၏ကျန်းမာရေးအခြေ အနေကို စာရေးအကြောင်းကြားလိုက်ပါ၏။ သခင်ကြီး၏အခြေအနေမှာ ဆိုးဝါးနေပါသည်။ တစ်ခါတစ်ရံ ထိန်းမရလောက်အောင် ဒေါသကြီး၍ တစ်နေ့လုံး ကလေးငယ်တစ်ယောက်သဖွယ် ထိုင်နေတတ်ပါသည်။ သေမလား၊ ရှင်မလား ဆိုတာကတော့ ဘုရားသခင်၏လက်တွင်းမှာသာ ရှိနေပါသည်။ အခုစာကိုရလျှင် သခင်လေး အမြန်လာပါ၊ သခင်လေးအတွက် မြင်းများကို ပီဆော်နိုရီသို့ လွှတ်ပေးပါမည်။ လူတွေပြောနေကြတာကတော့ တရားရုံးက ကျွန်မတို့အားလုံးကို ကီရီလာပက်ထရိုဗစ်ချ်၏ လက်ထဲသို့ပေးလိုက်ပြီတဲ့၊ ကျွန်မတို့ကို သူပိုင်သတဲ့။ ဒါပေမဲ့ ကျွန်မတို့ဟာ သခင်လေးရဲ့မြေကျွန်တွေပါ၊ ကျွန်မတို့ဟာ သခင်လေးတို့ပဲ ပိုင်ကြတာပါ၊ သူပိုင်တယ်လို့ ဘယ်တုန်းကမှ မကြားခဲ့ဖူးပါဘူး။ အခု သခင်လေးနေတာ ပီတာစ်ဘတ်မြို့တော်မှာဆိုတော့ ဇာဘုရင်မင်းကြီးကို သခင်လေးကိုယ်တိုင် ပြောပြနိုင်မှာပါ၊ သူ့ကိုပြောပြလိုက်ရင် သူက အမှားမဖြစ်အောင် လုပ်ပေးပါလိမ့်မယ်။ သခင်လေးရဲ့ သစ္စာရှိသော ကျွန်ကလေးထိန်း

အိုရီနာယီရိုရော့နာဘူဇီရီမာ

mgyoe.com

mgyoe.com


ပြီးတော့... ဂရိုရှာကိုလည်း သတိရကြောင်းပြောပြပေးပါ၊ သူက တော့ သခင်လေးကို ကောင်းကောင်းပြုစုရဲ့လား။ ကျွန်မတို့ဆီမှာ မိုးရွာနေတာ သီတင်းတစ်ပတ်ကျော်သွားပြီ၊ သိုးထိန်းရှော့ဒ်ဟာ တစ်ယောက်တော့ စိန့်နီကို လတ်စ်ပွဲတော်နေ့မတိုင်မီတစ်ရက်က သေသွားပြီ'

ဗလာဒီမာ ဘရောစကီးသည် စာကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်သည်။ သူသည် နို့စို့အရွယ် လူမမယ်ဘဝကတည်းက မိခင်ဆုံးပါးခဲ့ရသူဖြစ်၏။ ဤအတွက်ကြောင့်လည်း ရှစ်နှစ်သားအရွယ်တွင် ပီတာစ်ဘတ်မြို့သို့ ကျောင်းအိပ်ကျောင်းစားအပို့ခံခဲ့ရသည်။ ထိုအသက်လောက်ကတည်းက သူ့ဖခင်ကြီးကို သိပ်ပြီးမသိ။ ပြင်ပြင်မမှတ်မိသလိုလည်း ဖြစ်နေသည်။ သို့သော်လည်း သူသည် သူ့ဖခင်ကို စိတ်ကူးနှင့်လွမ်းကာ စိတ်ကူးနှင့်ချစ်နေခဲ့ရသူဖြစ်၏။

သူ့ဖခင်ဆုံးရှုံးသွားသည့်အဖြစ်ကို တွေးလိုက်မိသောအခါ သူ့ရင်ထဲတွင် ပူလောင်ခြင်းပြင်းပြစွာ ဖြစ်ရသည်။ ဖခင်၏ကျန်းမာရေးအခြေအနေကို စဉ်းစားကြည့်လိုက်သောအခါတွင်လည်း ထိတ်လန့်တကြားဖြစ်သည်။ လူသူအရောက်အပေါက်နည်းပြီး အလှမ်းဝေးသော ရွာတစ်ရွာ၌ဖခင်ဖြစ်သူအား မြေကျွန်များနှင့်ထားခဲ့ရသည့်အဖြစ်ကို စဉ်းစားမိသောအခါတွင်လည်း များ စွာယူကြုံးမရဖြစ်သည်။ အသက်ကြီးလှပြီဖြစ်သော ဖခင်အား ပစ်ထားခဲ့မိသည့်အတွက်လည်း နောင်တရ၍မဆုံး။ အမှန်တော့ သူ့ဖခင်ထံမှ စာတစ်စောင်မှ ရောက်မလာသည်မှာ ကြာခဲ့ပြီ။ သူကိုယ်တိုင်ကလည်း ဘာကြောင့်စာမရေးတာပါလိမ့်ဟုပင် စုံစမ်းခြင်းမပြုခဲ့။ သူ့အနေဖြင့် သူ့အဖေသည် အမဲလိုက်ခြင်း၊ သူပိုင်မြေယာများ၏အရေးကိစ္စအဝဝကို မနားမနေ ဆောင်ရွက်ခြင်းစသည်တို့ဖြင့် သာယာပျော်မွေ့နေလိမ့်မည်ဟုပင် ပေါ့ပေါ့တန်တန်တွေးခဲ့မိ၏။ ထိုအတွေးကြောင့်လည်း သူသည်ဘာသာလဝါနေခဲ့မိ၏။

သူသည် ရွာသို့ပြန်မည်ဟု ချက်ချင်းဆုံးဖြတ်ချက်ချသည်။ သူ့ဖခင်မမာမကျန်းဖြစ်နေချိန်တွင် ဖခင်အနီး၌ သူမရှိ၍မဖြစ်။ သူ့လက်ရှိရာထူးကို စွန့်ပြီး အလုပ်မှ ထွက်သင့်ပါက ထွက်မည်ဟုပင် စိတ်ကူးမိသည်။ အခန်းထဲ

mgyoe.com

mgyoe.com

ရောက်နေကြသည့် သူ့အဖော်အရာရှိများသည် ပူဆွေးသောကရောက် နေရှာသော ဗလာဒီမာ ဒူဘာရောစကီး၏အရိပ်အကဲကိုကြည့်ကာ အသီးသီး နှုတ် ဆက်၍ပြန်သွားကြသည်။

အခန်းထဲတွင် ဗလာဒီမာ ဒူဘာရောစကီး တစ်ယောက်တည်းကျန် ရစ်ခဲ့သည်။ ချက်ချင်းပင် ရွာပြန်နိုင်ရန် စာရေးသည်။ ဆေးတံကိုမီးညှိဖွာ ရှူရင်း အတွေးရေယာဉ်ကြော၌ နစ်မျောလျက်ရှိသည်။

သူရေးထားသော ခွင့်စာကို ထို့နေ့မှပင်တင်လိုက်သည်။ နောက်သုံး ရက်မျှအကြာတွင် သူသည် ကစ္စတီနက်ဗ်ခါ ရွာဆီသို့သွားရာလမ်းမကြီးပေါ် သို့ ရောက်သည်။ ထို့နောက် သူသည် ကစ္စတီနက်ဗ်ခါရွာသို့သွားရာလမ်းခွဲ တည်ရှိသည့် မြို့ငယ်ဘက်သို့ချဉ်းကပ်လာသည်။

ဗလာဒီမာ ဒူဘာရောစကီးသည် လမ်းခရီးတစ်လျှောက်လုံး ပူပန် သောကများ၏ဖိစီးမှုဒဏ်ကြောင့် စိတ်လက်မကြည်မသာဖြစ်လာသည်။ သူ့ဖခင်အား အသက်ရှင်လျှက်မှတွေ့ ရပါတော့မည်လော။ သူ၏အပူဖိစီးခံ နေရသည့်ကြားမှာပင် သူသည် တောင်ပိုင်းဒေသ၏ခရီးလမ်းပန်းဆက် သွယ်မှု ကွာဝေးမှု၊ အထီးကျန်နိုင်မှု၊ ဆင်းရဲမှုစသည်များကိုလည်းကောင်း၊ သူဘာမှနားမလည်သည့်မြေယာကိစ္စများကို ဦးစီးလုပ်ကိုင်ရမည့်တာဝန် ဝတ္တရားများကိုလည်းကောင်း စဉ်းစားဆင်ခြင်ကာ များစွာစိတ်လေးလျက် ရှိသည်။

လမ်းခွဲမြို့သို့ရောက်လျှင်ရောက်ချင်း သူသည် စာတိုက်မှူးထံလာ၍ သူ့အတွက်မြင်းများရောက်မရောက် စုံစမ်းသည်။ စာတိုက်မှူးကိုလည်း သူ့ အတွက်မြင်းများရောက်နေသည်မှာ လေးရက်ပင်ရှိပြီဟု ပြန်ပြောသည်။ ထို့ နောက် သူ့ထံသို့မြင်းရထားသမား အဘိုးအိုအင်တွန်ရောက်လာပြီး နှုတ်ဆက် သည်။ အင်တွန်သည် ဗလာဒီမာ ဒူဘာရောစကီးကိုမြင်သောအခါ စိတ်ထိ ခိုက်လွန်းသဖြင့် မျက်ရည်ကျသည်။ သခင်ကြီးမသေသေးဟု အသိပေး သည်။ ဗလာဒီမာ ဒူဘာရောစကီးသည် နံနက်စာကိုပင် မစားတော့ဘဲ ခရီး ဆက်သည်။ သူတို့၏မြင်းရထား တောလမ်းပေါ်ရောက်သည့်အခါကျမှ နှစ်ယောက်သား စကားပြောနိုင်ကြ၏။

'ကီရီလာ ပက်ထရိုဗစ်ချ်နဲ့ အဖေနဲ့အမှုဖြစ်တယ်လို့ စာထဲမှာ ဖတ်

mgyoe.com

mgyoe.com

လိုက်ရတယ်၊ အဲဒါက ဘယ်လိုဖြစ်ကြတာလဲအင်တွန်'

'ကျုပ်လည်း ဂဃနဏ မသိပါဘူး၊ လူတွေကတော့ ကျုပ်တို့သခင်ကြီးက ကီရီလာပက်ထရိုဗစ်ချ်နဲ့ ရန်ဖြစ်ခဲ့တယ်လို့ ပြောကြတာပဲ။ အဲဒါ ကီရီလာပက်ထရိုဗစ်ချ်က တရားရုံးမှာ အမှုဖွင့်တယ်၊ ကျုပ်တို့မြေကျွန်တွေကတော့ စပ်စပ်စုစုလုပ်ရဲကြတာ မဟုတ်တော့ သူတို့ဘာတွေဖြစ်ကြတယ်ဆိုတာ ဘယ်သိမှာလဲ။ ဒါပေမဲ့ ကျုပ်ကတော့ ထင်တယ်။ ကျုပ်တို့ သခင်ကြီးအနေနဲ့ ကီရီလာပက်ထရိုဗစ်ချ်လို လူနဲ့ရန်မဖြစ်သင့်ဘူးဗျ၊ ကြာပွတ်တစ်ချောင်းဟာ ပုဆိန်တစ်လက်ကို ယှဉ်လို့ရမတဲ့လား… သခင်လေးရယ်'

'ဒါဆိုရင် ကီရီလာပက်ထရိုဗစ်ချ်က အသာစီးရပြီး သူကြိုက်သလိုလုပ်နေပြီဆိုပါတော့ ဟုတ်လား'

'ဒါပေါ့ သခင်လေးရယ်။ တရားသူကြီးဆိုတဲ့လူတွေကလည်း သူ့ဘက်ကပေါ့၊ တရားရုံးအမှုထမ်းတွေကလည်း သူ့အိမ်ဝင်းထဲက မထွက်တော့ဘူး။ အထက်တန်းစားလို့ သူတို့ကိုယ်သူတို့ခေါ်နေတဲ့ လူတွေကလည်း သူ့အနားက မခွာကြဘူး၊ စားခွက်သာရှိရင် ဝက်ဆိုတာ ရှိစမြဲမဟုတ်လား'

'ကျွန်တော်တို့မြေတွေကို သူကယူတော့မယ်ဆိုတာကော အမှန်ပဲလား'

'မှန်တယ်လို့ပြောနေကြတာပဲဗျ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်ကတော့ ဗော့ခ်ရော့ဗ်စတီးရိုးရွာက ပစ္စည်းထိန်းရောက်လာတယ်၊ သူက 'အဖေတို့ကို ကီရီလာပက်ထရိုဗစ်ချ်သခင်ကြီးက လွှဲယူတော့မှာ' လို့ပြောတယ်။ အဲဒီတော့ ကျုပ်တို့ထဲက ပန်းပဲဆရာ မီခိတာက 'ခင်ဗျားကဘာဖြစ်လို့ ဘဝတူမိတ်ဆွေတွေ စိတ်ထိခိုက်အောင်လာပြောနေရတာလဲ။ ကီရီလာပက်ထရိုဗစ်ချ်မှာလည်း သူ့မြေကျွန်နဲ့သူရှိနေတယ်၊ အန်ဒရေးဒူဘရောစကီးမှာလည်း သူ့မြေကျွန်နဲ့သူရှိနေတယ်၊ ကျုပ်တို့အားလုံးကို ဘုရားသခင်နဲ့ ဇာဘုရင်တို့ကသာ ပိုင်တာပါ၊ လူတွေကိုလိုက်ပြီး ချုပ်ချယ်လို့ကတော့ မရပါဘူးဗျာ၊ လာလုပ်မနေစမ်းပါနဲ့လို့ ပြောလွှတ်လိုက်တယ်'

'ဒါဆိုရင် ခင်ဗျားတို့က ကီရီလာ ပက်ထရိုဗစ်ချ်ကို သခင်မတော်ချင်ကြဘူးပေါ့… ဟုတ်လား'

'သူ့ကို ဘယ်လိုလုပ်ပြီး သခင်တော်ချင်မလဲဗျာ၊ သူ့မြေကျွန်တွေကို သူဘယ်လောက်နှိပ်စက်သလဲဆိုတာ ကျုပ်တို့သိနေကြတာပဲ။ သူက သူ့မြေ

mgyoe.com

ကျွန်တွေရဲ့ အသားကိုသာမကဘူး အရေကိုပါ ဆုတ်ယူနေတဲ့လူဗျ။ ကျုပ်တို့ သခင်ကြီးကို ဘုရားသခင်ကပြန်ပြီး ကျန်းမာလာအောင် လုပ်ပေးဖို့ပဲ လိုပါတယ်။ တကယ်လို့သခင်ကြီး မရှိတော့ရင်လည်း သခင်လေးက အမွေဆက်ခံပြီး ကျုပ်တို့ကိုအုပ်ချုပ်သွားနိုင်အောင် လုပ်ပါ၊ ကျုပ်တို့ကိုတော့ သူ့လက်ထဲလွှဲမပေးပါနဲ့။ ကျုပ်တို့သခင်လေးနဲ့ လက်တွဲပြီးနေမှာပါ'

အင်တွန်သည် လက်ထဲမှကြာပွတ်ကိုမြှောက်ကာ မြင်းများကို တစ်ချက်ရိုက်သည်။ မြင်းများသည် အရှိန်ပြင်းစွာဖြင့် ပြေးသွားလျက်ရှိသည်။

ရထားသမား အဘိုးအို၏စကားများကြောင့် စိတ်မကောင်းဖြစ်သွားသော ဗလာဒီမာ ဒူဘရောစကီးသည် သူ့အတွေးနှင့်သူ ငြိမ်ဆိတ်လျက်ရှိသည်။ နောက်တစ်နာရီခန့်ကြာသောအခါ သူတပည့် ဂရီရှာ၏ဝမ်းသာအားရအော်ပြောသံကိုကြားရသည်။

'ဟော... ဟိုမှာ ပေါ့ခ်ရော့ဗ်စကီးရွာ'

ဒူဘရောစကီးသည် ခေါင်းထောင်၍ကြည့်သည်။ သူတို့မြင်းရထားသည် အလွန်ကြီးမားသော ရေအိုင်ကြီးတစ်အိုင်၏ဆားအတိုင်း မောင်းသွားလျက်ရှိသည်။ ရေအိုင်ကြီးနှင့် တစ်ဆက်တည်းဖြစ်နေသော မြစ်သည် ကွေ့ကွေ့ကောက်ကောက်စီးဆင်းကာ တောင်ကုန်းများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တောင်ကုန်းတစ်ကုန်းပေါ်မှရပ်၍ကြည့်လိုက်လျှင် အောက်ဘက်ရှိ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသော တောအုပ်စိမ်းစိမ်း၊ ထိုတော အုပ်စိမ်းစိမ်းအလယ်မှ ကျောက်တုံးများဖြင့် ဆောက်ထားသော အိမ်ကြီး။ အိမ်ကြီးနှင့် မလှမ်းမကမ်းမှ ဘုရားရှိခိုးကျောင်းနှင့် ခေါင်းလောင်းမျှော်စင်။ ယင်းအဆောက်အဦများအား ဝိုင်းရံထားသည့် လယ်သမားတို့၏အိမ်များ၊ အိမ်တိုင်းတွင်ရှိနေသည့် စားဖိုဆောင်၊ ဟင်းသီးဟင်းခင်းများနှင့် ရေတွင်းများ။

ဤမြင်ကွင်းသည် ဒူဘရောစကီးနှင့် တရင်းတနှီးသိကျွမ်းခဲ့သော ရှုခင်းတစ်ခုဖြစ်ချေသည်။ ဤနေရာတစ်ဝိုက်ရှိ ကုန်းမို့မို့များပေါ်တွင် သူငယ်စဉ်က မာရှာထရိုမီယူရော့ဗ်နာနှင့် ပျော်ပျော်ပါးပါးကစားခဲ့ရသည်များကို မမေ့သေး။ မာရှာသည် သူ့ထက် အသက်နှစ်နှစ်မျှသာငယ်၍ ထိုစဉ်အခါကတည်းကကြီးလာလျှင် သူမတူအောင်လှမည့် အရိပ်လက္ခဏာများကို ပြက်ပြက်ထင်ထင်မြင်တွေ့နေရ၏။ သူသည် ရထားသမားအင်တွန်အား မာရှာ့

mgyoe.com

အကြောင်းမေးချင်စိတ်ဖြစ်မိသည်။ သို့သော်လည်း ဖျတ်ခနဲဝင်လာသည့် ရှက်စိတ်ကြောင့် မမေးဖြစ်တော့ပေ။

အိမ်ကြီးဆီသို့ နီးကပ်လာနေခိုက်တွင် ပန်းခြံတွင်းရှိ သစ်ပင်များကြား၌ တလွင့်လွင့်လှုပ်ရှားနေသော ဂါဝန်ဖြူဖြူလွလွကို သူလှမ်းမြင်ရသည်။ သို့သော်လည်း ထိုခဏမှာပင် အင်တွန်သည် တောသူ တောင်သားများတွင် ရှိတတ်သည့် မာန်မာနအရ မြင်းများကိုကြာပွတ်ဖြင့် ဒေါသတကြီးရိုက်၍ တံတားပေါ်မှ ဖြတ်မောင်းလိုက်သဖြင့် ဒူဘာရောစကီးမှာ သူမြင်လိုသည့်အရာကို ကြာကြာကြည့်ခွင့်မရလိုက်၊ မြင်းရထားသည် ရွာကိုတစ်ခဏမျှအတွင်း ကျော်လွန်သွားသည်။

ပေါ့ခ်ရော့ဗ်စကိုးရီးရွာသည် သူတို့နောက်တွင် ကျန်ရစ်ခဲ့သည်။ မြင်းရထားသည် တောင်ကုန်းတစ်ကုန်းပေါ်သို့ လျင်မြန်စွာတက်လာသည်။ ဒူဘာရောစကီး၏မြင်ကွင်းထဲသို့ သစ်ပင်အုပ်အုပ်များဘွားခနဲ ဝင်လာသည်။ သူ့ဘယ်ဘက်ဘေးရှိ ကွင်းပြင်ကြီးထဲတွင် ခေါင်မိုးနီနီနှင့် မွဲခြောက်ခြောက် အရောင်အဆင်းရှိသော အိမ်ငယ်တစ်လုံး။ သူ့နှလုံးသားသည် ပြင်းထန်စွာ ခုန်လာသည်။ ကစ္စတီနက်ဗ်ခါရွာနှင့် ဆင်းရဲသော ဖခင်၏အိမ်ဂေဟာသည် သူ့မျက်စိရှေ့တွင် ရောက်နေကြလေပြီ။

နောက်ဆယ်မိနစ်ခန့်အကြာတွင် သူသည် ခြံဝင်းအတွင်းရှိ အိမ်ရှေ့သို့ ရောက်လာသည်။ အလွန်ထူးဆန်းအံ့သြသော မျက်နှာထားဖြင့် ပတ်ဝန်းကျင်ကိုကြည့်နေမိသည်။ သူမွေးရပ်မြေနှင့် ကွဲကွာနေခဲ့ရသည်မှာ ဆယ့်နှစ်နှစ်မျှပင် ရှိခဲ့ပြီမဟုတ်လော။ သူငယ်ငယ်က အိမ်ရှေ့ခြံစည်းရိုးနား၌ကပ်၍စိုက်ထားခဲ့သော သစ်ပင်၊ ပင်ပျိုကလေးများသည် ယခုအခါတွင် အကိုင်းအခက်အလက်ဝေဝေဆာဖြင့် အလွန်မြင့်မားသော သစ်ပင်ကြီးများဖြစ်နေကြလေပြီ။

ဟိုတုန်းကတော့ အိမ်ရှေ့မျက်နှာစာ မြေကွက်လပ်ပေါ်တွင် ထောင့်မှန်ကျကျ အကွက်ဖော်၍ စိုက်ထားခဲ့သော ပန်းခင်းများရှိသည်။ ပန်းခင်းမှာ သုံးခင်းမျှသာရှိ၍ယင်းတို့ကြားတွင် လူသွားလမ်းကလေးများ ဖောက်ထားခဲ့သည်။ အခုတော့ဖြင့် ထိုနေရာတွင် မြက်ခင်းပြင်ကြီးဖြစ်နေသည်။ ခြေတစ်ဖက်ထော့ကျိုးဖြစ်နေသော မြင်းတစ်ကောင်သည် ထိုမြက်ခင်းပြင်အလယ်

mgyoe.com

mgyoe.com


ဦ်ရပ်ကာ မြက်များကိုစားလျက်ရှိလေသည်။

ခွေးဟောင်သံများက စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အင်တွန်၏အသံကိုကြားသောအခါ ခွေးအားလုံးအဟောင်ရပ်သွားကာ အမြီးများကိုနန့်၍ ချဉ်းကပ်လာကြသည်။ အိမ်စေများသည် သူ့တို့အိမ်များအတွင်းမှ အူးယားဖားယား ပြေးထွက်လာကြပြီး မြင်းရထားပတ်လည်တွင် ဝိုင်းရံနေကြသည်။ သူတို့သခင်လေးအား ဝမ်းပန်းတသာနှုတ်ဆက်ကြသည်။ ဒူဘရောစကီးသည် သူ့အားဝိုင်းအုံနေကြသူများကြားမှ ခက်ခဲစွာတိုးဖေ့ဖြတ်သန်းပြီး ပြိုပျက်ယိုင်နဲ့နေသော လှေကားအတိုင်းပြေးတက်သွားသည်။

အိမ်အပေါ်ထပ် ဝရံတာမှနေ၍ ဆီးကြိုသူမှာ သူ့အားငယ်စဉ်က ပြုစုထိန်းသိမ်းခဲ့သော အဘွားကြီး ယီရိုရှောဗ်နာ ဖြစ်သည်။ အဘွားကြီးသည် ဒူဘရောစကီး၏လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် သိမ်းဖက်ကာ ဝမ်းနည်းပက်လက်ငိုရှာသည်။

'တော်လောက်ပြီ၊ တော်လောက်ပြီ။ မငိုနဲ့တော့လေ မငိုနဲ့တော့၊ တိတ်ပါ တိတ်၊ ကျွန်တော်ရောက်လာပြီပဲ'

ဒူဘရောစကီးက အဘွားကြီးအား တယုတယပြန်ဖက်ကာ နှစ်သိမ့်စကားပြောသည်။

'အဖေ ဘယ်လိုနေသေးလဲ၊ အခုဘယ်မှာလဲ' ဟုလည်းမေးသည်။

ဤအခိုက်တွင် အရပ်မြင့်မြင့်၊ အသားအရည်ဖြူရော်ရော် ပိန်ပိန်လှီလှီ အဘိုးအိုတစ်ယောက်သည် တုန်ယင်ချည့်နဲ့စွာဖြင့် အခန်းထဲမှထွက်လာပြီး ခန်းမတွင်းသို့ ဝင်လာသည်။

'သား... ဗလာဒီမာ၊ မင်းပြန်ရောက်လာပြီလား' ဟု တုန်ယင်လှုပ်ရှားသော လေသံဖြင့် မေးသည်။ ဗလာဒီမာ ဒူဘရောစကီးသည် သူ့အဖေအား ဆီး၍ပွေ့ဖက်ထားသည်။

ရုတ်တရက်ရရှိခံစားလိုက်ရသော သာယာပျော်ရွှင်မှုသည် ကျန်းမာရေးချို့တဲ့ကာ အားအင်ချည့်နဲ့နေရှာသော အဘိုးအိုတစ်ယောက်အတွက် အတိုင်းအဆမသိလောက်အောင်ပင် ကြီးမား ပြင်းထန်လွန်းလှချေသည်။ သူ့ဒူးနှစ်ဖက်သည် ပျော့ခွေကာ ညွတ်ကျသွားသည်။ သူ့သားကသာ ပွေ့ဖက်မထားပါက ခြေပစ်လက်ပစ်လဲကျသွားမည့် အခြေအနေရှိ၏။

mgyoe.com

mgyoe.com


'အို… သခင်ကြီး ဘာပြုလို့ထလာရတာလဲ' ဟု အဘွားကြီးယီရိုရှော့ဖ်နာက လှမ်းပြောသည်။

'သခင်ကြီးကောင်းကောင်းမှ မရပ်နိုင်သေးတာဘဲ၊ တခြားလူတွေကို လမ်းလျှောက်လို့ရမတဲ့လား'

အဘိုးအိုအား ပွေ့ချီပြီး သူ့အိပ်ခန်းထဲသို့ပြန်ပို့သည်။ အဘိုးအိုသည် သူ့သားအား စကားပြောရန် အားထုတ်သည်။ သို့သော်လည်း သူ့စိတ်သည် 'လည်' လျက်ရှိသည်။ သူ့ပါးစပ်မှ ထွက်လာသမျှသည် အဆက်မစပ်မရှိသော စကားလုံးများသာဖြစ်၏။ ချက်ချင်းပင် သူသည် စကားပြောရန်အားထုတ်နေခြင်းကို လက်လျှော့လိုက်သည်။ ထိုခဏမှာပင် သူသည် တစ်ကိုယ်လုံးပျော့ခွေကာ သတိလစ်သွားလေသည်။

ဤမျှလောက်ဆိုးဝါးသောအခြေအနေမျိုးနှင့် တွေ့ရလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့သော ဗလာဒီမာ ဒူဘရောစကီးသည် အကြီးအကျယ်အံ့အားသင့်လျက်ရှိသည်။ သူသည် ထိုညအဖို့သူ့အဖေ၏အခန်းထဲ၌အိပ်ရန် ဆုံးဖြတ်လိုက်သည်။ သူ့အတွက် သူ့အဖေ၏အိပ်ခန်းထဲမှာပင် အိပ်နိုင်ရန်၊ နေနိုင်ရန်စီစဉ်ပေးဖို့ အိမ်စေများအား ခိုင်းသည်။ အိမ်စေများကလည်း သူခိုင်းသည့်အတိုင်း စီစဉ်ဆောင်ရွက်ပေးကြသည်။

ဒူဘရောစကီး၏တပည့် ဂရိရှာအားအိမ်စေများက သူ့တို့အိမ်သို့ ခေါ်သွားကြသည်။ တောခလေ့၊ တောထုံးစံအတိုင်းရှိသမျှချကျွေးကာ သူတို့သိလိုသမျှမေးခွန်းများဝိုင်း၍မေးကြသည်။ ပြောင်ကြနောက်ကြခြင်းဖြင့် သူတို့၏ခင်မင်ရင်းနှီးမှုကို ထုတ်ဖော်ပြသလျက်ရှိကြလေသည်။

❐

mgyoe.com

mgyoe.com

# အခန်း ၄

## ပျော်ပွဲသဘင် ဆင်ယင်ကျင်းပရာစင်ပေါ်၌ ခေါင်းတစ်လုံးတင်ထားသည်

အိမ်ပြန်ရောက်ပြီး ရက်အနည်းငယ်အကြာတွင် သား ဒူဘာရောစကီး သည် ဖခင်ပိုင်မြေယာများကိစ္စကို သူကိုယ်တိုင်ဦးစီးဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်သည်။ သို့သော်လည်း လုပ်ငန်းကိုဘယ်ကစ၍ ကိုင်ရမှန်းမသိ၊ သူ့အဖေကလည်း လုပ်ငန်းအခြေအနေကို သူ့အားရှင်းပြနိုင်စွမ်းမရှိ၊ ပြီးတော့ သူ့အဖေသည် သူ့ပြဿနာအရပ်ရပ်တို့ကိုရှေ့နေရှေ့ရပ်ငှား၍ကိုယ်စားလှယ် လွှဲထားခြင်းလည်း မရှိ။

ဗလာဒီမာ ဒူဘာရောစကီးသည် သူ့အဖေသိမ်းဆည်းထားသည့် စာရွက်စာတမ်းရှိရှိသမျှကို ယူ၍ဖတ်ရှုလေ့လာသည်။ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ တရားသူကြီးထံမှ ပထမဆုံး ပေးပို့လိုက်သည့်စာတစ်စောင်မှ တစ်ပါး အခြားအရေးကြီးသော စာရွက်စာတမ်းများကို ရှာမတွေ့။ တရား သူကြီးထံ ပြန်ကြားရန်သူ့အဖေ ရေးထားခဲ့သည့် စာကြမ်းကိုလည်း သူတွေ့ သည်။ သို့သော်လည်း ထိုစာများကို ဖတ်ရရုံမျှဖြင့် သူ့အဖေရင်ဆိုင်နေရ သည့် မြေပိုင်ဆိုင်မှု၏ အမှုသွားအမှုလာကို ပီပီပြင်ပြင်နားလည်လာအောင် ခန့်မှန်း၍မရ၊ နောက်ဆုံးတွင် သူသည် ဤအမှုနှင့်ပတ်သက်၍နောက်ထပ်

mgyoe.com

mgyoe.com


ပေါ်ပေါက်လာမည့်အခြေအနေကို စောင့်ကြည့်ပြီးမှ ဆက်လက်လုပ်ကိုင်မည် ဟု ဆုံးဖြတ်လိုက်သည်။ သူ့အနေဖြင့် ဤအမှုသည် တရားသဖြင့် လုပ်ကိုင် သွားလိမ့်မည်ဟုတော့ ယုံကြည်စိတ်ချစွာ မျှော်လင့်ချက်ထားမိ၏။

ဤအတောအတွင်း သူ့ဖခင်၏ကျန်းမာရေးအခြေအနေသည် တိုး၍ ဆိုးဝါးလာသည်။ နောက်ဆုံးတွင် အဆိုးဆုံးအဆင့်သို့ပင် ရောက်ရှိလာ သည်။ ဒူဘာရောစကီးအနေဖြင့် သူ့အဖေအနားမှ နေ့ရောညပါ ခွာ၍မရနိုင် တော့သည့်အဖြစ်နှင့် ရင်ဆိုင်နေရ၏။

ဤသို့ဖြင့် အမှုအတွက် အယူခံရန် သတ်မှတ်ပေးထားသော ရက် သည် ဘာမှမလုပ်လိုက်ရဘဲ ကုန်ဆုံးသွားသည်။ အယူခံလွှာကို အချိန်မီ မတင်လိုက်ရသဖြင့် ကစ္စတီနက်ဗ်ခါရွာမြေသည် ကီရီလာပက်ထရိုဗစ်ချ်၏ အပိုင်ပစ္စည်းဖြစ်သွားခဲ့လေပြီ။

တစ်ရက်တွင် တရားသူကြီးရှာဘတ်ရှကင်းသည် ကီရီလာပက်ထရို ဗစ်ချ်ထံရောက်လာသည်။ အမှုနိုင်၍ ဝမ်းသာကြောင်းကို တရိုတသေပြော သည်။ အနိုင်ရထားနယ်မြေကို သိမ်းယူရာ၌ ကီရီလာ ပက်ထရိုဗစ်ချ်နှစ် သက်သည့်နေ့တွင် သိမ်းယူနိုင်ပြီဖြစ်ကြောင်း၊ သိမ်းယူရာ၌လည်း ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေငှား၍ဖြစ်စေ သိမ်းယူနိုင်သဖြင့် နှစ်သက်ရာကို ရွေးချယ်နိုင် ကြောင်းကိုလည်း တင်ပြသည်။

ရုတ်တရက် ကီရီလာပက်ထရိုဗစ်ချ်၏စိတ်သည် ထောင်းခနဲဖြစ်သွား သည်။ ယခုကိစ္စမှာ လောဘရမ္မက်ကြောင့် လုပ်ထားသည့်ကိစ္စမဟုတ်၊ လက် စားချေမှုတစ်ခုတည်းကို ရှေ့တန်းတင်၍ လုပ်မိခဲ့ခြင်းဖြစ်၏။ အခုကျတော့ လည်း သူလုပ်ပုံလွန်သွားပြီဟု သူ့ရင်ထဲ၌ခံစားနေရသည်။ သူ့အသိ တရား က သူ့စိတ်ကို အကြီးအကျယ်နှောင်တရအောင် ဖန်တီးလျက်ရှိနေလေပြီ။

အမှန်တော့ သူ့ရန်သူသည် ငယ်စဉ်ကတည်းက ခင်မင်ရင်းနှီးလာ ခဲ့သော သူငယ်ချင်းတစ်ယောက်ဖြစ်၏။ အခုဆိုလျှင် သူ့ရန်သူသည် အရှုံး နှင့်ရင်ဆိုင်နေရပြီ ဖြစ်ရုံမျှမက ကျန်းမာရေးအခြေအနေမကောင်းသဖြင့် အိပ် ရာပေါ်လဲနေခဲ့လေပြီ။ ဤအဖြစ်မျိုးနှင့်ကြုံရပြန်တော့လည်း သူ့အောင်ပွဲ သည် သူ့နှလုံးသားကို ဝမ်းသာပျော်ရွှင်အောင် မစွမ်းဆောင်နိုင်ခဲ့။

ကီရီလာ ပက်ထရိုဗစ်ချ်သည် ရှာဘတ်ရှကင်အား စူးစူးရဲရဲစိုက်ကြည့်

mgyoe.com

mgyoe.com


နေသည်။ ဒေါသတကြီးနှင့် ပြစ်တင်ကြိမ်းမောင်းရန် တာစူသည်။ သို့သော်လည်း လုံလောက်သောအကြောင်းရှာမရသဖြင့် သူ့စိတ်သူပြန်ထိန်းကာ ခပ်တင်းတင်းလေသံဖြင့်...

'သွားစမ်းပါဗျာ၊ ကျုပ်မှာ အခြားလုပ်စရာတွေ အများကြီးရှိနေသေးတယ်' ဟု ပြန်ပြောသည်။

ကီရိလာပက်ထရိုဗစ်ချ်၏ တင်းမာသော မျက်နှာထားကိုကြည့်၍ ရှာဘတ်ရုကင်သည် ဦးခေါင်းကို အကြိမ်ပေါင်းများစွာညွှတ်ကာ အခန်းထဲမှ ကသောကမျောပြန်ထွက်သွားသည်။ အခန်းထဲ၌ တစ်ယောက်တည်းကျန်ရစ်ခဲ့သော ကီရိလာပက်ထရိုဗစ်ချ်သည် ခေါက်တုံ့ခေါက်ပြန်လမ်းသလားနေသည်။ များစွာစိတ်အနှောင့်အယှက်ဖြစ်နေကြောင်းကို သူ့မျက်နှာထားက ဖော်ပြလျက်ရှိ၏။

စက်တင်ဘာလ ကုန်ခါနီးအချိန်ဖြစ်၍ ရာသီဥတုမှာ အေးမြနေဆဲဖြစ်၏။ သူသည် အိမ်စေတစ်ယောက်အား အနွေးထည်ယူခိုင်းပြီး ဝတ်သည်။ ထို့နောက် မြင်းရထားကို ကိုယ်တိုင်မောင်း၍ အပြင်သို့ထွက်လာခဲ့လေသည်။

အန်ဒရေး ဒူဘရောစကီး၏ အိမ်ဖော်ကို အဝေးမှပင် လှမ်းမြင်နေရ၏။ သူ့မိတ်ဆွေဟောင်း၏ အိမ်ကိုကြည့်ကာ သူ့နှလုံးသားထဲတွင် စိတ်ကောင်းနှင့် စိတ်ဆိုးသည် အပြန်အလှန်တိုက်ပွဲဝင်နေကြသည်။ အောင်ပွဲရစဉ်ကတော့ ဩဇာအာဏာကို ချစ်မြတ်နိုးနေသည့်စိတ်များသည် များစွာသာယာခဲ့၏။ လက်စားချေလိုစိတ်သည် များစွာအာသာပြေခဲ့၏။ ယင်းခံစားမှုအားလုံး အတိုင်းအတာတစ်ခုသို့ ရောက်သွားသည့် အခါတွင်မူကား စိတ်ခံစားမှုသည် မြင့်မြတ်သိမ်မွေ့သော အပိုင်းဆီသို့ ဦးတည်လာသည်။ ထိုအခါ နှစ်ပေါင်းများစွာ သင့်မြတ်လာခဲ့သော သူ့မိတ်ဆွေဟောင်းနှင့် ပြန်လည်သင့်မြတ်လိုသည့်ဆန္ဒဖြစ်ပေါ်လာသည်။ သူ့မြေများကိုပြန်ပေးခြင်းအားဖြင့် ရန်ပွဲကို ငြိမ်းအေးသွားအောင် လုပ်မည်ဟူသော ဆုံးဖြတ်ချက်ကို ရရှိလာသည်။ ဤဆုံးဖြတ်ချက်ကြောင့် သူ့ရင်သည် အကြီးအကျယ်ပေါ့ပါးသွားသည်။ သူသည် မြင်းများကို သူ့အိမ်နားနီးချင်း၏ အိမ်ဆီသို့ဦးတည်၍ ဒုန်းစိုင်းသည်။ အိမ်ရှေ့ဂိတ်တံခါးမှနေ၍ ခြံဝင်းအတွင်းသို့ မောင်းဝင်ခဲ့သည်။

ထိုအချိန်တွင် လူမမာ အန်ဒရေး ဒူဘရောစကီးသည် သူ့အိမ်ခန်း

mgyoe.com

mgyoe.com


ပြတင်းပေါက်၌ ထိုင်နေခိုက်ဖြစ်သည်။ ခြံထဲသို့ မောင်းဝင်လာသော မြင်းရထားပေါ်မှ ကီရီလာပက်ထရိုဗစ်ချ်ကို ချက်ချင်းမှတ်မိသည်။ လူနာ၏ မျက်နှာသည် ထိတ်လန့်အံ့သြခြင်းကို ဖော်ပြနေသည်။ သူ့မျက်လုံးအစုံသည် ဝင်းဝင်းတောက်နေကြသည်။ ပါးစပ်မှလည်း မပီမသစကားများကို ရေရွတ်သည်။

အခန်းထဲတွင် စာရင်းအင်းများတွက်ချက်နေသော သူ့သား ဗလာဒီမာ ဒူဘရော့စကီးသည် ခေါင်းထောင်၍ကြည့်သည်။ သူ့ဖခင်၏ပြောင်းလဲမှုကို ကြည့်ကာ များစွာအံ့အားသင့်နေသည်။ သူ့ဖခင်သည် ကြောက်လန့်ခြင်းနှင့် ဒေါသဖြစ်ခြင်းများ ပေါင်းစပ်ထားသည့် မျက်နှာထားဖြင့် ပြတင်းပေါက်ဆီသို့ လက်ညှိုးထိုးပြလျက် ရှိရုံမျှမက ထိုင်ရာမှထရပ်ရန် အားထုတ်လျက်ရှိသည်။ သူကြည့်နေခိုက်မှာပင် သူ့အဖေသည် ကြမ်းပေါ်သို့လဲကျသွားသည်။ သား ဒူဘရောစကီးသည် ဖခင်ထံပြေးသွားသည်။ အဘိုးအိုသည် သတိလစ်လျက် ရှိလေပြီ။ အသက်ရှူလည်း မမှန်၊ အသက်ရှူနေပုံသည် ခဲယဉ်းပင်ပန်းလှချေသည်။ လေဖြတ်သွားသည့်လက္ခဏာရှိနေ၏။

'မြန်မြန်လုပ်ကြပါ၊ မြန်မြန်... မြန်မြန် မြို့ကို မြန်မြန်သွားပြီး ဆရာဝန်ပင့်ကြပါ' ဟု ဗလာဒီမာ ဒူဘရောစကီးက အော်သည်။

ထိုအခိုက်မှာပင် အခန်းထဲသို့ အိမ်စေတစ်ယောက်ဝင်လာသည်။

'ကီရီလာပက်ထရိုဗစ်ချ်က သခင်လေးနှင့် တွေ့ချင်လို့တဲ့' ဟု ပြောသည်။

ဗလာဒီမာက ဒေါသတကြီးလှမ်းကြည့်လိုက်သည်။

'မင်း ကီရီလာပက်ထရိုဗစ်ချ်ကို သွားပြော။ သူ့ကိုခြံဝင်းထဲက ဆွဲထုတ်တာမခံချင်ရင် အခုချက်ချင်းထွက်သွားလို့...၊ သွား... အခုချက်ချင်းသွားပြော'

သခင်၏အမိန့်ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ပေးလိုသော အိမ်စေသည် အခန်းထဲမှ လျှင်မြန်စွာ ပြေးထွက်သွားသည်။

'သခင်လေးရယ်... အဲသလိုမလုပ်ပါနဲ့' ဟု အဘွားကြီး ယီရိုရော့ဗ်နာက ငိုရှိုက်သံဖြင့် ဝင်တားသည်။

'သခင်လေးအနေနဲ့ ကိုယ့်ကိုကိုယ် ဒုက္ခရောက်အောင်လုပ်တာနဲ့ အတူတူဖြစ်သွားပါလိမ့်မယ်၊ ကီရီလာပက်ထရိုဗစ်ချ်ကတော့ သူ့ကိုအဲသလို

mgyoe.com

mgyee.com

လုပ်ရင်အားလုံးကို ဒုက္ခရောက်အောင်လုပ်တော့မှာ'

'ပါးစပ်ပိတ်ထားစမ်း... ဗျာ' ဟု ဗလာဒီမာက ဒေါသတကြီး ပြန်ပြောသည်။

'သွား... သွား... အင်တွန်ကိုလွှတ်ပြီး ဆရာဝန်ပင့်ခိုင်း'

ယီရိုရှော့ဗ်နာသည် အခန်းထဲမှ သုတ်သီးသုတ်ပြာထွက်သွားသည်။ အိမ်ရှေ့ခန်းမထဲတွင် လူတစ်ဦးမျှမရှိ။ အိမ်စေအားလုံးသည် ကီရီလာပက်ထရိုဗစ်ချ်အားကြည့်ရန် အပြင်ဘက်ရောက်နေကြသည်။ ယီရိုရှော့ဗ်နာ ဆင်ဝင်သို့ထွက်လာခိုက်မှာပင် အိမ်စေက ဗလာဒီမာ ဒူဘရောစကီးပြောလိုက်သည့်စကားကို ပြန်ပြောနေလေပြီ။

မြင်းရထားပေါ်မှ ကီရီလာပက်ထရိုဗစ်ချ်သည် အိမ်စေစကားကို အစအဆုံးကြားသည်။ သူ့မျက်နှာထားသည် ညိုမဲမှုန်မှိုင်းသွားသည်။ သူ့နှုတ်ခမ်းတွင် လှောင်ပြောင်သရော်သည့်အပြုံးရိပ်ထင်လာသည်။ ထို့နောက် အိမ်စေအားလုံးကို အလွန်တင်းမာသော မျက်နှာထားဖြင့် တစ်ချက်မျှစိုက်ကြည့်ပြီး မြင်းရထားကို ခပ်ဖြည်းဖြည်းပြန်ကွေ့သည်။ စောစောက အန်ဒရေး ဒူဘရောစကီးထိုင်နေသော ပြတင်းပေါက်ဆီ တစ်ချက်လှမ်းကြည့်သည်။ ထိုနေရာတွင် သူစောစောက မြင်ခဲ့ရသည့်လူမရှိတော့။ အဘွားကြီး ယီရိုရှော့ဗ်ဗ်နာသည် ဆင်ဝင်တွင် တောင့်တောင့်မတ်မတ်ရပ်ကာ ကီရီလာပက်ထရိုဗစ်ချ်၏ရထားကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ သူသည် သူ့သခင်လေး ဗလာဒီမာ ဒူဘရောစကီး ခိုင်းလိုက်သည့်ကိစ္စကို မေ့သွားခဲ့လေပြီ။

အစေခံများသည် ဖြစ်ခဲ့သမျှအကြောင်းကို တစ်ယောက်တစ်ပေါက်ဝေဖန်ပြောဆိုနေကြသည်။ ရုတ်တရက်အိမ်ထဲမှ ဗလာဒီမာ ဒူဘရောစကီး ထွက်လာသည်။

'ဆရာဝန်ခေါ်ဖို့မလိုတော့ဘူး...၊ ကျွန်တော့်အဖေ ဆုံးပြီ'

အားလုံးယောက်ယက်ခတ်သွားသည်။ အစေခံများသည် သခင်ကြီးအခန်းထဲသို့ ပြေးဝင်ကြသည်။ အန်ဒရေး ဒူဘရောစကီးသည် ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်ကျလျက်ရှိ၏။ လက်များသည် ဘေးနှစ်ဖက်တွင် တွဲလောင်း၊ ခန္ဓာကိုယ်သည် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်၍

mgyee.com

mgyoe.com

လှုပ်ရှားခြင်းမရှိတော့။

ယီရိုရှော့ဗ်ဗိနာ၏ ဆွေးဆွေးမြည့်မြည့်နိုင်လွန်းလှသော ငိုသံကြားရသည်။ အလောင်းကို တာဝန်ယူရသော အစေခံများသည် အလောင်းပတ်ပတ်လည်တွင် ဝိုင်းရံနေကြသည်။ အဝတ်များကိုချွတ်ကာ ရေချိုးပေးကြသည်။ ယူနီဖောင်းကိုအကျအန ဝတ်ပေးကြသည်။ ထို့နောက် သူတို့၏ သခင်ကြီး အမြဲတစေ အစာစားရာ စားပွဲကြီးပေါ်၌ အလောင်းကို ကျကျနန ပြင်၍တင်ထားလိုက်ကြလေ၏။

□

mgyoe.com

mgyoe.com

# အခန်း ၅

အသုဘကို သုံးရက်မျှထားသည်။ ကံမကောင်းအကြောင်းမလှရှာသည့် အဘိုးအိုု၏အလောင်းထည့်ထားသည့် ခေါင်းကိုစားပွဲပေါ်မှာပင် တင်ထားသည်။ ခေါင်းအပေါ်တွင် အဝတ်တစ်ထည်လွှမ်းထားပြီး ခေါင်း၏ဘေးပတ်ပတ်လည်တွင်မူ ဖယောင်းတိုင်များတန်းစီ၍ထွန်းထားသည်။ စားသောက်ခန်းထဲတွင် အစေခံများဖြင့်ပြည့်လျက်ရှိ၏။ သုဿာန်သို့ အလောင်းသယ်ယူသွားမည့်အချိန်ကို စောင့်နေကြခြင်းပေတည်း။

ဗလာဒီမာ ဒူဘရောစကီးနှင့် အစေခံသုံးယောက်သည် ခေါင်းကိုသယ်ကြသည်။ သင်းအုပ်ဆရာကြီးသည် ရှေ့ဆုံးမှ ဦးဆောင်သွားသည်။ သူ့နောက်မှ ကပ်လိုက်သွားနေသော ကျောင်းစာရေးသည် အသုဘတေးများကို သီဆိုလျက်ရှိသည်။ ကစ္စတီနက်ခ်ဒါ ရွာ၏သခင် မြေရှင်ကြီးသည် အိမ်တံခါးခုံပေါ်မှ နောက်ဆုံးကျော်ဖြတ်ခြင်းအနေဖြင့် ကျော်ဖြတ်သွားသည်။

လှမ်းမျှော်ကြည့်လိုက်လျှင် ရွာတစ်ဖက်ဘုရားရှိခိုးကျောင်းကို လှမ်းမြင်နေကြရသည်။ ရာသီဥတုသည် အေးမြသာယာလျက်ရှိ၏။ ဆောင်းဦးပေါက်နေပြီဖြစ်၍ပတ်ဝန်းကျင်ရှိ သစ်ပင်များဆီမှ သစ်ရွက်များသည် တဖြုတ်ဖြုတ်ကြွေကာ သစ်ပင်ထက်မှာ လေထဲတွင် လွင့်မျောသက်ဆင်းနေကြလေသည်။

mgyoe.com